ကြေးမုံ
The Mirror Daily
Established in 1957

## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday 22 October 2019 ၉၈၁၀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့်တွေ့ဆုံ

## ဒုတိယအကြိမ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက် မိန့်ခွန်းပြောကြား

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်ဧကရာဇ်၏ ထီးနန်းတက်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် ဂျပန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့် ယနေ့ နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- ဂျပန်နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေး၊ သီလဝါစက်မှုဇုန်အပါအဝင် မြန်မာ-ဂျပန်စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက်တိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဂျပန်အစိုးရက ဆက်လက်အကူအညီ ပေးအပ်သွားမည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**လက်ခံတွေ့ဆုံ**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO)ဥက္ကဋ္ဌ Mr. Kazushige Nobutani ဦးဆောင်သောအဖွဲ့အား တိုကျိုမြို့ Meiji Kinenkan ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံမှ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ပိုမိုလာရောက် ရင်းနှီးမြှုပ်နှံရေး၊ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ လုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များနှင့် JETRO မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့် တွေ့ဆုံစဉ်။

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

## ကြေးမုံ

# တောင်သူလယ်သမားအကျိုးစီးပွား

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ သင့်တင့်မျှတသော ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် ဆန်စပါးအခြေခံရည်ညွှန်းဈေးနှုန်းတင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းနှုန်း သတ်မှတ်ကြောင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က အောက်တိုဘာလ ၁၅ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ယခုကဲ့သို့ အခြေခံဈေးနှုန်းသတ်မှတ်ချက်သည် ပြီးခဲ့သည့်နွေစပါးရာသီကာလတွင် ဖြစ်ပေါ်ခဲ့သည့် စပါးဈေးမကောင်းမှုကြောင့် တောင်သူလယ်သမားများကြုံတွေ့ရသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကုစားနိုင်ရန်နှင့် လက်ရှိစိုက်ပျိုးထားသော မိုးစပါးပေါ်ချိန်တွင် တောင်သူလယ်သမားများ သင့်တင့်မျှတသောဈေးနှုန်း ရရှိနိုင်စေရန်အတွက် ဆောင်ရွက်ချက်ဖြစ်ပြီး ၂၀၁၈ ခုနှစ်ကလည်း အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို တင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ပထမအကြိမ် သတ်မှတ်ပေးခဲ့သည်။

တောင်သူလယ်သမားဦးကြီးများအနေဖြင့် စပါးတစ်ဧကအတွက် ပျမ်းမျှထုတ်လုပ်မှုကုန်ကျစရိတ်သည် ငွေကျပ်နှစ်သိန်းခွဲခန့်ရှိပြီး စပါးတင်း ၁၀၀ အပြည့်အဝထွက်ရှိရန်အတွက် ပျမ်းမျှထုတ်လုပ်မှုကုန်ကျစရိတ် ငွေကျပ်သုံးသိန်းခွဲခန့်ရှိသည်ဟု သိရသည်။ လက်ရှိတွင် ရာသီဥတုပြောင်းလဲမှုကြောင့် တစ်ဧက တင်း ၁၀၀ ထွက်ရှိရန် မလွယ်ကူဘဲ တစ်ဧကတင်း ၅၀ မှ အများဆုံးတင်း ၈၀ ခန့်သာထွက်ရှိနေသည်။ အထွေထွေစိုက်ပျိုးထုတ်လုပ်မှုစရိတ်မှာ ပိုမိုကုန်ကျလာမည့်အနေအထားတွင် ရှိနေသဖြင့် အခြေခံဈေးနှုန်းသတ်မှတ်ချက်အတိုင်းရသည်ဆိုလျှင် အဆင်ပြေနိုင်သော်လည်း လုပ်ကွက်ငယ်တောင်သူများအဖို့ တွက်ခြေကိုက်ရန် ရုန်းကန်ရဦးမည်။

ဈေးကွက်တွင် စပါးလက်ကျန်များနေခြင်းနှင့် မိုးစပါးပေါ်လာချိန်တွင် ဆန်အသစ်အများအပြားကို ဈေးနှိမ်ဝယ်ယူခြင်းခံရမည့်အနေအထားကို ကုစားနိုင်ရန်အတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က ဆန်စပါးအခြေခံရည်ညွှန်းဈေးနှုန်း တင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းသတ်မှတ်ပေးခြင်းအပြင် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်အတိုင်းဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ကြောင်း သတ်မှတ်ပေးခဲ့သည်။ ထို့အပြင် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း အသိပေးထားသည်။

မည်သို့ပင်ဖြစ်စေ တောင်သူလယ်သမားများအနေဖြင့် ဈေးကွက်အခြေအနေအရဖြစ်စေ၊ ကုန်ထုတ်လုပ်မှုအခြေအနေအရဖြစ်စေ၊ ရာသီဥတုအခြေအနေအရဖြစ်စေ အခက်အခဲတစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့နိုင်သဖြင့် ဆန်စပါးစိုက်ပျိုးရာတွင် တွက်ခြေကိုက်အောင် ရုန်းကန်နေရဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားဦးကြီးများ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိစေရေးအတွက် နည်းလမ်းမျိုးစုံ ရှာဖွေဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကလည်း တောင်သူလယ်သမားများ တွက်ခြေကိုက်ရေးကို အလေးထားစောင့်ကြည့်ဖြေရှင်းပေးလျက်ရှိသည်။ ဤသို့ အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိသော်လည်း လုပ်ကွက်ငယ်တောင်သူများအဖို့ အခက်အခဲရှိနိုင်သောကြောင့် စိုက်ပျိုးရေးနှင့်တွဲဖက်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှသာ ရေရှည်အဆင်ပြေနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံရည်ညွှန်းဈေးနှုန်း ငွေကျပ်ငါးသိန်းသတ်မှတ်ချက်သည် တောင်သူလယ်သမားဦးကြီးများအတွက် မိုးစပါးဈေးကောင်းရလာစေရန် မျှော်လင့်ချက်ရောင်ခြည်ဖြစ်ပြီး နိုင်ငံလူဦးရေအများစုလုပ်ကိုင်နေသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တည်ငြိမ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုတစ်ခုဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဒုတိယဝန်ကြီး ဦးကျော်လင်း တောင်သာမြို့နယ်အတွင်းရှိ ကျေးလက်လမ်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် တောင်သာမြို့နယ် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ အောက်တိုဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းရှိကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ကျေးလက်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

**တံတားပုံစံထုတ်ပေး**

ယင်းနောက် မိုင်တိုင်အမှတ်(၉/၁) အနီးရှိ ပျက်စီးသွားသော နဂါးဗိုလ်တံတားပေ ၁၂၀ ၏အခြေအနေနှင့် အသစ်ပြန်လည်တည်ဆောက်ရန်အတွက် တံတား Alignment နှင့် တည်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အသစ်ပြန်လည်တည်ဆောက်မည့် နဂါးဗိုလ်တံတား၏ တည်နေရာ၊ Alignment ကို အတည်ပြု၍ တံတားပုံစံထုတ်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြေသားလမ်းနှင့် အမာခံဂျင်းလမ်းအား ရာသီမရွေးအသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။ ဝဲလောင်-ကြီးပင်တဲ-နဂါးဗိုလ်လမ်းသည် ကိုးမိုင် နှစ်ဖာလုံရှိပြီး ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၈၀၂ လုံးနှင့် လူဦးရေ ၄၃၄၉ ဦးအား အကျိုးပြုနေသော ကျေးလက်လမ်းဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝဲလောင်-ရွာသစ်-တံတား(န) လမ်းတစ်လျှောက်နှင့် ယခုဘဏ္ဍာနှစ်အတွက် ကတ္တရာလမ်းခင်းမည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး လမ်းပေါ်ရှိ ရွာသစ်ရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးသည်။ ဝဲလောင်-ရွာသစ်-တံတား(န)လမ်းသည် ၁၁ မိုင်နှင့် ၂ ဒသမ ၄၈ ဖာလုံရှိကာ ကျောက်လမ်းအမျိုးအစားဖြစ်ပြီး ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၈၅၈ လုံးနှင့် လူဦးရေ ၁၀၇၉၉ ဦးအား အကျိုးပြုနေသော လမ်းဖြစ်သဖြင့် ယခုနှစ်မှစ၍ ကတ္တရာလမ်း စတင်ခင်းပေးရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၁)သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အုန်းတောခန်းမတွင် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၁၁)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် (ကိုယ်စား) ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဦးဇော်မိုးဝင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။





ယင်းသင်တန်းဖွင့်ပွဲသို့ ကျောင်းအုပ်ကြီး/ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခ (ပညာဌာနမှူး)များ၊ ဌာနမှူး/ တွဲဖက်ပါမောက္ခများ၊ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၁၁)သို့ တက်ရောက်ကြမည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအရာရှိ အဆင့်ရှိ သင်တန်းသား ၇၁ ဦး၊ သင်တန်းသူ ၇၅ ဦး စုစုပေါင်း ၁၄၆ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၂,၀၀၀ | ၅,၃၁၈ | ၆၁,၁၇၅,၅၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၅၀ | ၅,၅၁၀ | ၂၁,၇၆၄,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂ | ၁၆,၄၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၅၀၀ | ၁,၁၆၃ | ၂၇,၀၈၀,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၁၀ | ၃၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၂၁**

ရန်ကုန်(ရွှေဈေး) ၁၂၂၁၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၅ ကျပ် | ၉၄၀/၉၆၀ |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၀/၉၄၀ ကျပ် | ၉၈၅/၉၉၅ |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၄၅ ကျပ် | ၈၈၀/၈၉၅ |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၆၀ ကျပ် | ၉၆၀/၉၇၅ |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၃.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၁၂.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၆၉၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၈၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၅၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၂.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၉၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၄.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၆.၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ
ဦးဆက်အောင်၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Meiji Kinenkan ၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲတွင် ပြောကြားသည့် မိန့်ခွန်းကို စာမျက်နှာ (၅) တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဆွေးနွေးပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒပြုပြင်ပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် ပါဝင်

ဆက်လက်၍ JETRO မှ မန်နေဂျင်းဒါရိုက်တာ Mr. Kazufumi Tanaka က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြသော ဂျပန်စီးပွားရေးကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် "မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပတ်ဝန်းကျင်အပေါ် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လျက်ရှိကြသော ဂျပန်ကုမ္ပဏီများ၏အမြင်" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသော ဂျပန်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် JETRO မှ မန်နေဂျင်း ဒါရိုက်တာတို့က မြန်မာ-ဂျပန် နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**၇၀၀ ကျော် တက်ရောက်**

အဆိုပါဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၇၀၀ ကျော် တက်ရောက်ကြသည်။

JETRO သည် မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) ဥက္ကဋ္ဌ Mr.Kazushige Nobutani အား လက်ခံတွေ့ဆုံစဉ်။






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

သည့် အားသာချက်များနှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုကျိုမြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူဦးဆောင်သော မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ သံရုံးမိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာသံရုံးကတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်သည်။

သတင်းစဉ်



## မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူ ဦးဆောင်သော မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ သံရုံးမိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ *(သတင်း-ရှေ့ဖုံး)*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မာရုဖ်အာမင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

* ကျောဖုံးမှ

ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲများသို့ ဒုတိယသမ္မတနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အင်ဒိုနီးရှား နိုင်ငံသမ္မတ၊ ဒုတိယသမ္မတတို့နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

## မြန်မာအမျိုးသမီးများ၏လက်မှုပညာပြပွဲ ရက်သတ္တပတ်ကြာ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာမှုလက်ရာများအပါအဝင် လက်ရာသေသပ်လှပသည့် ဖက်ရှင်အလှအပနှင့် မရှိမဖြစ်အိမ်သုံးပစ္စည်းများစွာ ပါဝင်သည့် မြန်မာအမျိုးသမီး ၁၆ ဦး၏ လက်မှုပညာရှိုးပြပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ နံနက် ၉ နာရီမှ ည ၉ နာရီထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်ရှိ The Central ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲ၏ ရည်ရွယ်ချက်မှာ မြန်မာအမျိုးသမီးများ လုပ်ဆောင်နိုင်မှုစွမ်းရည်အား ပြသခြင်းနှင့် မည်သူမဆို အားလပ်ချိန်အတွင်း အသက်မွေးဝမ်းကျောင်းအနေဖြင့် လက်မှုပညာရပ်ကို လုပ်ကိုင်နိုင်ရန်နှင့် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ကြောင်း ပွဲစီစဉ်သူ မချောစုထွေးက ပြောသည်။

အဆိုပါပြပွဲတွင် မြန်မာအမျိုးသမီးများ၏ လက်မှုပညာပြပွဲအပြင် ပန်းချီဆရာများ၏ လက်ရာများနှင့်အတူ လက်တွေ့ရေးဆွဲပြသခြင်းများကိုပါ ပြုလုပ်ပေးသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

အေးမင်းသူ

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရသစ် ကျမ်းသစ္စာကျိန်ဆိုပွဲ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ခဲ့သည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယသမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လုံခြုံရေးဝန်ကြီး၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. TeukFaizasyahနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်နှင့်ဇနီး၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ် ဖြိုးဇော်စိုးနှင့်ဇနီး၊ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက ဆိုကာနိုဟတ္တာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ပြန်လည်ရောက်ရှိ**

ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အီဇာဖာဒရီနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်း

(တိုကျိုမြို့၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်–**

မိမိအနေနဲ့ ယခုလို ဂျပန်နိုင်ငံမှာ ဧည့်သည်တော်များကို ပြန်လည်တွေ့ဆုံခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်၊ ယခုလိုအခွင့်ကြုံခိုက်မှာ ဂျပန်အစိုးရနဲ့ ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးအဖွဲ့(JETRO)ကို ဒီလိုအရေးပါတဲ့ အစီအစဉ်တစ်ရပ်ကို စီစဉ်ကျင်းပပေးတဲ့အတွက် မိမိအနေနဲ့ လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ယခုခန်းမကြီးမှာ ရင်းနှီးမြှုပ်နှံသူများနဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ မူဝါဒချမှတ်သူများ၊ ပညာရှင်များ တက်ရောက်လျက်ရှိပြီး၊ အဆွေတော်တို့ဟာ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို သေချာခိုင်မာစေရေးဆိုတဲ့ တူညီတဲ့ရည်မှန်းချက်တစ်ခုရှိကြကာ၊ သင့်တင့်ကောင်းမွန်တဲ့ရင်းနှီးမြှုပ်နှံမှု အခြေအနေတစ်ခု တည်ဆောက်ဖန်တီးပြီး၊ မိမိတို့မြန်မာနိုင်ငံကို သာယာဝပြောပြီး၊ ငြိမ်းချမ်းတဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာစေရေး ကူညီဖို့ ယခုလို ခန်းမကြီးအပြည့် တက်ရောက်အားပေးကြတာကို တွေ့ရပါတယ်။

ဒီအခမ်းအနားကို ဧည့်သည်တော်များအနေနဲ့ ယနေ့တက်ရောက်အားပေးတဲ့အတွက် လည်းကောင်း၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေမှုအတွက်လည်းကောင်း ကြိုဆိုကြောင်း ပြောကြားလိုပါတယ်။ သင့်တင့်ကောင်းမွန်ပြီး အထောက်အကူဖြစ်စေမယ့် ရင်းနှီးမြှုပ်နှံမှုကို အားပေးတဲ့ အခြေအနေကောင်းတစ်ရပ် ဖန်တီးရေးဆိုတဲ့ မိမိတို့ရဲ့ခိုင်မာတဲ့ သန္နိဋ္ဌာန်ကိုလည်း ထပ်လောင်းအတည်ပြုအပ်ပါတယ်။ ဒီအခြေအနေကောင်းဟာ ဧည့်သည်တော်များအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို ပိုမိုပွင့်လင်းလာစေမှာဖြစ်ပါတယ်။

မိမိတို့နိုင်ငံတော်ရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် စိန်ခေါ်မှုကာလတစ်ခုကို ဖြတ်သန်းနိုင်ရတဲ့အချိန်မှာ မိမိတို့ရဲ့ ဂျပန်မိတ်ဆွေများဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်များစွာကတည်းက မြန်မာနိုင်ငံကို ကူညီထောက်ပံ့ပေးလာခဲ့ပြီး၊ ယနေ့ထက်တိုင်လည်း ကူညီပေးနေဆဲဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်–**

မြန်မာနိုင်ငံအနေဖြင့် ယနေ့အချိန်အခါတွင် အထီးကျန်နေထိုင်ခဲ့မှုမှ စီးပွားရေးတံခါးဖွင့်မူဝါဒကို ကျင့်သုံးလျက်ရှိပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာနှင့် ပိုမိုထိတွေ့ပြီး တာဝန်သိ နိုင်ငံတကာမိသားစုဝင်တစ်ဦး ဖြစ်လာစေရန် ကြိုးစားလျက်ရှိပါကြောင်း၊ ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို မျှတစွာ ထိန်းညှိနိုင်ရန် ကြိုးပမ်းလျက်ရှိပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ်က မကြာသေးမီက ထုတ်ပြန်ခဲ့တဲ့ အချက်အလက်များအရ မြန်မာနိုင်ငံရဲ့ တိုးတက်မှုနှုန်းကို ၂၀၁၉ ခုနှစ်မှာ အနေအထားကောင်းမွန်တဲ့ ၆.၈ ရာခိုင်နှုန်းအဖြစ် ဆက်လက်ထိန်းထားနိုင်မယ်လို့ ခန့်မှန်းထားပြီး၊ အာဆီယံဒေသမှာ တတိယမြောက် စီးပွားရေးအမြန်ဆုံးတိုးတက်နေတဲ့နိုင်ငံ ဖြစ်စေလာမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ ဒေသတွင်းမှာ အတိုးတက်ဆုံး စီးပွားရေးနိုင်ငံဖြစ်မှာ ဖြစ်ပါတယ်။ (နောင်နှစ်မှာ အာဆီယံဒေသအတွက် ပျမ်းမျှတိုးတက်နှုန်းဟာ ၄.၆ ရာခိုင်နှုန်းမျှသာ ဖြစ်မယ်လို့ ခန့်မှန်းထားကြပါတယ်။)

ခိုင်မာရှည်ကြာတဲ့ တိုးတက်မှုဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍမှာ မကြုံစဖူးထူးကဲတဲ့ ဖွဲ့စည်းမှုအပြောင်းအလဲတစ်ခု ဖြစ်စေနိုင်ပါတယ်။ အရေးကြီးတဲ့အချက်ကတော့ ကမ္ဘာ့စီးပွားရေးဗဟိုဆွဲငင်အားဟာတိုးတက်လာတဲ့ အာရှဒေသဘက်ကို ပြန်လည်ယိမ်းလာတဲ့အချိန်မှာ ဒီဖွဲ့စည်းမှုအပြောင်းအလဲ ဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုရဲ့ ၅၀ ရာခိုင်နှုန်းနီးပါးဟာ ယနေ့အာရှဒေသမှာ ရှိနေပြီး၊ အာရှဒေသဟာ ၂၀၄၀ ပြည့်နှစ်မှာ ကမ္ဘာ့ဂျီဒီပီရဲ့ ၅၀ ရာခိုင်နှုန်းထက် ကျော်သွားမယ်လို့ မျှော်မှန်းထားပါတယ်။

ကမ္ဘာ့ပထဝီနိုင်ငံရေးမှာ ကြီးမားတဲ့ပြောင်းလဲမှုတွေရဲ့ သက်ရောက်မှုကို တိုးမြင့်လာနေတဲ့စီးပွားရေးနဲ့ ကုန်သွယ်ရေးတင်းမာမှုပုံစံတွေအဖြစ် အချို့နေရာဒေသတွေမှာ မြင်တွေ့နေရပြီး၊ အဲဒီတင်းမာမှုတွေကို ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံများမှာ ကြုံတွေ့နေရပြီ ဖြစ်ပါတယ်။ အမှန်တကယ်လည်း မြန်မာနိုင်ငံအနေနဲ့လည်း ဒီကမ္ဘာ့ဖြစ်စဉ်ရဲ့ သက်ရောက်မှုတွေကနေ မည်သည့်နည်းလမ်းနဲ့မှ မလွတ်ကင်းနိုင်ပါဘူး၊ ဒါပေမယ့် မိမိတို့အနေနဲ့ ဒီလိုကြမ်းတမ်းတဲ့အခြေအနေကို ခံနိုင်ရည်ရှိအောင် စီမံကြိုးစားနိုင်ခဲ့ပါတယ်။

မိမိတို့နိုင်ငံရဲ့စီးပွားရေးကို ဆက်လက်ဖွင့်ထားတဲ့အားလျော်စွာ ကမ္ဘာ့အသိုက်အဝန်းမှာလည်း ပိုမိုပေါင်းစည်းဝင်ဆံ့နိုင်ရေး ကြိုးပမ်းလျက်ရှိနေရာမှာ ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းဆက်နွယ်မှုဖြစ်စဉ်သည်ပင်လျှင် စိန်ခေါ်မှုတွေ ကြုံတွေ့နေရပါတယ်။ အလားတူပဲ မြောက်မြားစွာသော သမိုင်းအမွေဆိုးအဖြစ် ကျန်ရှိသည့် ပြဿနာများနဲ့ နှစ်ပေါင်း(၅၀)ကျော် မဖြေရှင်းနိုင်ဘဲ စုပုံနေတဲ့ အတိတ်ကခါးသီးတဲ့ ဒဏ်ရာများနဲ့ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့စီမံကိန်းရေးဆွဲသူများနဲ့ မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှုဟာ တည်ငြိမ်အေးချမ်းမှုရဲ့အရေးပါမှုကို မျက်ခြည်ပြတ်မခံဘဲ၊ ယခုလို အရှိန်အဟုန်နဲ့ ပြောင်းလဲနေတဲ့ကာလနဲ့ အလွန်တရာကောင်းမွန်တဲ့ အခွင့်အလမ်းဆိုတဲ့ အားသာချက်တွေကို အပြည့်အဝ ရယူအသုံးချသွားနိုင်ဖို့ ဖြစ်ပါတယ်။

မိမိတို့မြန်မာတွေဟာ ဒီလိုတာဝန်သိပြီး၊ ရေရှည်တည်တံ့မယ့် အရည်အသွေးပြည့်ဝတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ အခန်းကဏ္ဍတစ်ခုကနေ ပါဝင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် ဒီလိုဆွေးနွေးပွဲတွေကို မိမိအနေနဲ့ တန်ဖိုးထားရခြင်းဖြစ်ပါတယ်။ မိမိတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာကောင်းတွေကို အရင်းအနှီးပြုပြီး အခွင့်အလမ်းတစ်ခုအဖြစ် ယခုတက်ရောက်လာသူတွေကို ကမ်းလှမ်းလိုပါတယ်။ တစ်ချိန်တည်းမှာပဲ၊ ပြုပြင်ပြောင်းလဲရေး၊ ရည်မှန်းချက်နဲ့ နိုင်ငံရေးဆန္ဒတို့ကို မျှတမှန်ကန်စွာ ဖော်ဆောင်သွားနိုင်မယ်ဆိုရင် အလားအလာသစ်တွေရဲ့သော့ချက်ကို ဖွင့်လှစ်သွားနိုင်မယ့် အခွင့်အလမ်းတွေရရှိမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်–**

မြန်မာနိုင်ငံအနေဖြင့် ယခုအခါ ပိုမိုကျယ်ပြန့်သော၊ မျှတမှုရှိသော၊ တာဝန်သိသော၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော၊ အားလုံးပါဝင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ကျင့်သုံးလျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းမှုတွေကို ထိန်းကျောင်းပေးနိုင်ရန်အတွက် မိမိတို့အနေနဲ့ "မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"ကို ယမန်နှစ်က စတင်ဖော်ဆောင်ခဲ့ပါတယ်။ ဒီစီမံကိန်းတွေဟာဆိုရင် လာမယ့်ဆယ်စုနှစ်များမှာ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော်ပေးမယ့် အရေးပါတဲ့အခြေခံအုတ်မြစ်များ ဖြစ်လာမှာ ဖြစ်ပါတယ်။

မိမိတို့အနေနဲ့ ကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းစဉ်များ မြှင့်တင်နိုင်ရေးနှင့် အုပ်ချုပ်မှုကောင်းစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် အဆိုပါဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနဲ့အညီ ရည်မှန်းချက်မြင့်မားပြီး အလုံးစုံနဲ့ အားလုံးပါဝင်တဲ့ မူဝါဒများနဲ့ နည်းဥပဒေတွေကို တစ်ခုချင်းစီ သေချာစွာရေးဆွဲ ချမှတ်ခဲ့ပါတယ်။ ဒါ့အပြင် ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်မြှင့်အကောင်အထည်ဖော်နိုင်ဖို့နဲ့ အကျပ်အတည်းတွေကို ဖယ်ရှားဖို့အတွက် လုပ်ထုံးလုပ်နည်းတွေကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါတယ်။

> **ရင်းနှီးမြှုပ်နှံသူများရဲ့ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီသွားရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရှိ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးအပ်သောဌာန (One-Stop-Service Centre) ကို ရင်းနှီးမြှုပ်နှံသူများ လိုအပ်သော ခွင့်ပြုမိန့်နှင့် လိုင်စင်များအား လျှောက်ထားရာတွင် အခြားသော အစိုးရဌာနများသို့ ထပ်မံသွားရောက်ရန် မလိုအပ်သော ပြတင်းတစ်ပေါက်စနစ် (Single Window System) သို့ ပြောင်းလဲကျင့်သုံးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ**

မိမိတို့နှစ်နိုင်ငံအနေဖြင့် အဓိကစီးပွားရေးကဏ္ဍများအတွက် မဟာဗျူဟာကျတဲ့ ဖြေလျှော့မှုများကို တက်ကြွစွာပြုလုပ်လျက်ရှိပါတယ်။ ဥပမာ – မကြာသေးမီက ဖြေလျှော့ပေးခဲ့တဲ့ အာမခံလုပ်ငန်းကဏ္ဍမှာဆိုရင် ၁၀၀ ရာခိုင်နှုန်းပြည့် နိုင်ငံခြားသားပိုင် အာမခံကုမ္ပဏီများကို မြန်မာနိုင်ငံမှာ လုပ်ငန်းလည်ပတ်ခွင့်ပြုပေးခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ Dai-ichi Life ဟာဆိုရင် ပထမဆုံးသော အာမခံကုမ္ပဏီများအနက်မှ တစ်ခုအပါအဝင် ဖြစ်ပါတယ်။

မိမိတို့အနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ အဟန့်အတားဖြစ်စေသော လုပ်ထုံးလုပ်နည်းတွေကို ဖယ်ရှားခြင်း၊ အင်တာနက်မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများကို မှတ်ပုံတင်ခွင့်ပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ငွေကြေးကဏ္ဍကို ဦးစားပေးတဲ့ ဝန်ကြီးဌာနအသစ်တစ်ခုကို ဖွဲ့စည်းခဲ့ခြင်းနဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းသစ်တစ်ရပ်ကို ထုတ်ပြန်ခဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

မိမိတို့ရဲ့ ဘဏ်လုပ်ငန်းဆိုင်ရာကဏ္ဍမှာ လက်ရှိ မြန်မာနိုင်ငံအတွင်း လုပ်ငန်းလည်ပတ်နေသော ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားသားပိုင် နိုင်ငံခြားဘဏ်ခွဲ ၁၃ ခုအပြင် ဘဏ်ခွဲများ(သို့မဟုတ်) လက်အောက်ခံဘဏ်ခွဲများကို ပိုမိုဝင်ရောက်လာရေးအတွက် ခွင့်ပြုသွားရန်ရှိပါတယ်။

အခြားသော နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများမှာ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ကြိုတင် ခန့်မှန်းတွက်ဆနိုင်ပြီး ယှဉ်ပြိုင်မှုရှိသော စီမံကိန်းများရွေးချယ်သတ်မှတ်သည့် စီမံကိန်းဘဏ် တည်ထောင်ခဲ့ခြင်းသာမက နိုင်ငံပိုင်မြေများ၊ ပိုင်ဆိုင်မှုများ ငှားရမ်းခြင်းလုပ်ငန်းများတွင် အီလက်ထရောနစ်နည်းပညာသုံးစနစ်များဖြင့် ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည့် နိုင်ငံပိုင်မြေများ၊ ပိုင်ဆိုင်မှုများဘဏ် တည်ထောင်ခဲ့ခြင်းတို့လည်း ပါဝင်ပါတယ်။ ယခုကဲ့သို့ ရည်မှန်းချက်ကြီးသော စီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်အပေါ် အလွန်ကြီးမားတဲ့ အပြုသဘောဆောင်သည့် အပြောင်းအလဲတွေကို ဖော်ဆောင်ပေးသွားနိုင်မည်မှာ သေချာပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်–**

မိမိတို့ရင်းနှီးမြှုပ်နှံသူများရဲ့ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီသွားရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရှိ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးအပ်သောဌာန (One-Stop-Service Centre) ကို ရင်းနှီးမြှုပ်နှံသူများ လိုအပ်သော ခွင့်ပြုမိန့်နှင့် လိုင်စင်များအား လျှောက်ထားရာတွင် အခြားသော အစိုးရဌာနများသို့ ထပ်မံသွားရောက်ရန် မလိုအပ်သော ပြတင်းတစ်ပေါက်စနစ် (Single Window System) သို့ ပြောင်းလဲ ကျင့်သုံးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဤကဲ့သို့ ထိရောက်တဲ့နည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်ခဲ့လို့ သီလဝါအထူးစီးပွားရေးဇုန်မှာ အကျိုးရလဒ်ရရှိလျက်ရှိရာ သင့်လျော်တဲ့ အချိန်ကာလမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)နဲ့ အခြား စီးပွားရေးဇုန်တွေမှာ အလားတူနည်းလမ်းများကို စတင်ကျင့်သုံးတဲ့အခါမှာလည်း အောင်မြင်မှုများ ဆက်လက်ရရှိနိုင်မယ်လို့ ယုံကြည်ထားပါတယ်။

လက်ရှိ ဂျပန်ကုမ္ပဏီအများအပြားနဲ့ ရန်ကုန်မြို့ရဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ကုမ္ပဏီများကို အထူးဆွဲဆောင်လျက်ရှိတဲ့ သီလဝါအထူးစီးပွားရေးဇုန်မှာ အသုံးပြုလျက်ရှိတဲ့ ပြတင်းတစ်ပေါက်စနစ် (Single Window System)ကို ဂျပန်ရင်းနှီးမြှုပ်နှံသူတွေ ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆ ဘီလီယံအထိ တိုးမြှင့်လာခဲ့ပါတယ်။ ဂျပန်နိုင်ငံမှ မော်တော်ကားကုမ္ပဏီ တိုယိုတာဟာ သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်ယန်းဘီလီယံတန်ဖိုးရှိတဲ့ မော်တော်ကားတပ်ဆင်ထုတ်လုပ်မယ့်စက်ရုံ တည်ဆောက်ဖို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားရန် မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် အခြားသော ဆက်စပ်စက်မှုလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ပေါ်ထွန်းလာစေမှာ ဖြစ်ပါတယ်။

တိုယိုတာ၊ ဆူဇူကီး၊ Yakult နဲ့ အခြား နာမည်ကြီး ဂျပန်ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်လျက်ရှိတာကို ကြည့်မယ်ဆိုရင် ဂျပန်ရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံနဲ့ သီလဝါမှာ မိမိတို့ရဲ့ လုပ်ဆောင်ချက်များအပေါ် ယုံကြည်မှုရှိတာကို ပြသနေပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်–**

မြန်မာနိုင်ငံအနေနဲ့ ပွင့်လင်းမှုမရှိသော ယှဉ်ပြိုင်မှုမရှိသည့် ပုဂ္ဂိုလ်ရေး ပတ်သက်ဆက်နွယ်မှုများကို အခြေခံတဲ့ စီးပွားရေးပုံစံကနေ ပိုမိုပွင့်လင်းမြင်သာ၊ ယှဉ်ပြိုင်မှုနဲ့ စည်းမျဉ်းဥပဒေများကို အခြေခံတဲ့ စီးပွားရေးပုံစံသို့ အသွင်ကူးပြောင်းနေပြီ ဖြစ်ပါတယ်။ အဆိုပါ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ဟာ မလွယ်ကူပေမယ့် မိမိတို့အနေနဲ့ အောင်မြင်မှုရရှိလိုပါက အားလုံးဝိုင်းဝန်းကြိုးပမ်း အားထုတ်သွားကြဖို့ လိုအပ်ပါတယ်။

မြန်မာအစိုးရအနေနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို ကြိုဆိုလျက်ရှိပြီး အဲဒီ အသွင်ကူးပြောင်းမှုတွေမှာ အတူတကွလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မိမိအနေနဲ့ အဆွေတော်တို့ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ကြိုဆိုဖိတ်ခေါ်အပ်ပါတယ်။ အဲဒီလို လာရောက်တဲ့အခါမှာလည်း အဆွေတော်အနေနဲ့ တစ်ယောက်တည်း မဟုတ်ပါဘူး၊ အဆွေတော်တို့ လိုအပ်တဲ့ အကူအညီများကို ပံ့ပိုးထောက်ပံ့ပေးနိုင်တဲ့ စွမ်းရည်ရှိတဲ့ လုပ်ငန်းမိတ်ဖက်တွေနဲ့ မိတ်ဆွေများ၊ အဆွေတော်ရဲ့ စီးပွားရေးလုပ်ငန်းတွေ လည်ပတ်လုပ်ကိုင်တဲ့အခါမှာ လိုအပ်တဲ့ မည်သည့်အကူအညီများကိုမဆို ပေးအပ်သွားနိုင်တဲ့သူတွေ ရှိနေမယ်ဆိုတာ သေချာပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်–**

မကြာသေးမီကာလတွေက တိုးတက်မှုတွေရရှိနေသော်လည်း မိမိတို့ ကျော်ဖြတ်နိုင်မယ့်၊ ကျော်လွှားရမယ့် စိန်ခေါ်မှုများလည်း ရှိနေသေးဆဲဆိုတာကိုလည်း သိရှိထားပါတယ်။ အဲဒီလို ကျော်လွှားနိုင်ဖို့အတွက် တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။

မိမိတို့အနေနဲ့ အလုပ်အကိုင်ဖန်တီးပေးနိုင်တဲ့၊ အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်မယ့်၊ တိုးတက်မှုတွေကို ဆက်လက်တည်တံ့စေနိုင်မယ့် အားလုံးအတွက် ကြွယ်ဝချမ်းသာမှုကို ဖြန့်ဝေခံစားပေးစေနိုင်မယ့် တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေလျက်ရှိပါတယ်။ မိမိတို့အနေနဲ့ အဆွေတော်တို့ရဲ့ ယုံကြည်မှုအပြည့်နဲ့ စိတ်အားထက်သန်စွာ ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုပါတယ်။

မိမိတို့အတွက် ငြိမ်းချမ်းသာယာဝပြောမှုကို ရေးရှူတဲ့လမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတဲ့အချိန်မှာ ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့အနှံ့က မိတ်ဆွေများရဲ့ နားလည်မှုနဲ့ ထောက်ခံအားပေးမှုတွေကို ဆက်လက်ရရှိသွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မိမိတို့ရဲ့ လှပတဲ့အနာဂတ်မှာ အဆွေတော်တို့အနေနဲ့ တစ်ထောင့်တစ်နေရာက ပါဝင်သွားဖို့ ဖိတ်ခေါ်အပ်ပါတယ်။

အဆွေတော်တို့ ကျန်းမာပျော်ရွှင်ပါစေကြောင်းနဲ့ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျေးဇူးအထူးတင်ရှိပါတယ်။

# ထာဝရ လှပနေဦးမည့် ချယ်ရီမြေ ဂျပန်

■ ခင်ရတနာ



တကယ်တော့ ဆောင်းဦးရာသီ (Autumn)သည် ဂျပန်နိုင်ငံအဖို့ ခြောက်သွေ့အေးမြလျက် သာတောင့်သာယာနှင့် လှပသည့်ရာသီ။ ဒီရာသီမှာ မေပယ်ပင်ကဲ့သို့သော အရွက်ကြွေသည့် အပင်မျိုးတို့၏ သစ်ရွက်များက အနီရောင်၊ အဝါရောင်သို့ပြောင်းလျက် မြို့လမ်းရွာလမ်းများပေါ်မှာ၊ တောတန်း၊ တောင်တန်းများပေါ်မှာ အနီ၊ အဝါ ပန်းချီစုတ်ချက်များဖြင့် အဆန်းတကြယ် တန်ဆာဆင်ထားတတ်သည်မို့ ခရီးသွားတို့ တသဲသဲ လာရောက်ပျော်မွေ့ကြသည့် ရာသီလည်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ ရာသီဥတုမှာ နွေဦး (Spring)၊ နွေ (Summer)၊ ဆောင်းဦး (Autumn)၊ ဆောင်း (Winter) ဟူ၍ ဥတုလေးလီရှိသည့်အနက် နွေဦးနှင့် ဆောင်းဦးတို့မှာ မပူလွန်း၊ မအေးလွန်း အစွန်းမရောက်သည့် ရာသီများဖြစ်သည့်အလျောက် သာတောင့်သာယာ ကြည်နူးဖွယ်ရာအခါသမယဟု ဆိုကြသည်။ သို့ရာတွင် နွေအကုန် ဆောင်းဦးရာသီသို့အကူး ဩဂုတ်လနှင့် စက်တင်ဘာလများတွင်မူ တိုင်ဖုန်းမုန်တိုင်းများ ဝင်ရောက်လေ့ရှိသည့်အတွက် တိုင်ဖုန်းရာသီဟူ၍ သတ်မှတ်ထားရပြန်သည်။

ယခုနှစ်ဆောင်းဦးရာသီမှာ မဖိတ်ခေါ်ဘဲရောက်လာသည့် တိုင်ဖုန်းမုန်တိုင်း ဟာဂီဘစ်က နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း အဆိုးဆုံးဟု ဆိုကြသည်။ မုန်တိုင်းရောက်မလာမီကတည်းက ဂြိုဟ်တုမှ ပေးပို့သည့်ပုံများအရ ကြီးမားပြင်းထန်မည်ကို ကြိုတင်ခန့်မှန်းခဲ့ကြသလိုတိမ်းရှောင်ရန်၊ ခိုလှုံရန်၊ ရင်ဆိုင်ရန်၊ ကယ်ဆယ်ရန် စသည်ဖြင့် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ခဲ့ကြသည့် သတင်းများကို တစ်ကမ္ဘာလုံးက မြင်တွေ့ခဲ့ကြရသည်။ မုန်တိုင်းတကယ် ဝင်ရောက်လာသည့်အချိန်တွင်မူ တစ်နာရီလျှင် မိုင် ၁၄၀ နှုန်းတိုက်ခတ်လာသည့် လေမုန်တိုင်း၏ မဟာအင်အားနှင့် စံချိန်ကျိုးအောင် ညလုံးပေါက် ရွာသွန်းသည့် မိုးရေချိန်တို့ကြောင့် အပျက်အစီးတို့၏ ပမာဏမှာ ကြီးမားလှသည်။

မုန်တိုင်း၏ သက်ရောက်မှု ဧရိယာအတွင်း မြစ်၊ ချောင်းတို့ ရေကြီးရေလျှံကာ မြေပြို၊ တောင်ပြိုမှုပေါင်း ၁၀၀ ကျော်တို့ကြောင့် မြို့၊ ရွာလမ်းတံတားများ၊ လယ်ယာစိုက်ပျိုးခင်းများ ရွှံ့နွံနှင့် ရေပြင်တို့အောက်သို့ ရောက်ကုန်သည်။ အိမ်ခြေ ၄၅၀၀၀ ကျော် ရွှံ့နွံများ ဖုံးလွှမ်းနစ်မြုပ်သွားပြီး ပြီးခဲ့သည့် စနေနေ့ကအထိ လူပေါင်း ၈၀ ဦး သေဆုံး၍ ၁၁ ဦး ပျောက်ဆုံးနေဆဲ။ လူဦးရေ ၄၆၀၀ ခန့်မှာ ကယ်ဆယ်ရေးစခန်းများတွင် နေရဆဲ။ အိမ်ခြေ ၈၀၀၀၀ ကျော် သောက်သုံးရေ ပြတ်လပ်နေဆဲ။

ပျောက်ဆုံးသူများကို ရှာဖွေရန်၊ ပျက်စီးသွားသည့် လမ်းတံတားများကို ပြန်လည်ပြင်ဆင်ရန်၊ အမှိုက်သရိုက်များ၊ အပြိုအပျက်များနှင့် ရွှံ့နွံများ တောင်ပုံရာပုံတို့ကို ဖယ်ရှားရှင်းလင်းရန်၊ ရေ၊ မီး၊ ဆက်သွယ်ရေးတို့ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန်စသည့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ဆောင်ရွက်ကြရမည့် လုပ်ငန်းပမာဏမှာ ကြီးမားလှသည်။

တကယ်တော့ မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဂျပန်ပြည်သူများ၏ သဘာဝဘေးကို အန်တုရင်ဆိုင်ခဲ့ကြသည့် ခံနိုင်ရည်အားကလည်း အံ့ဩဖွယ်ရာဟုပင် ဆိုနိုင်သည်။ Category အဆင့် ၅ ရှိသည့် ဟာဂီဘစ်တိုင်ဖုန်းမုန်တိုင်း မတိုက်ခတ်မီ စက်တင်ဘာလလယ်ခန့်မှာပင် Category ၄ အဆင့်ရှိသည့် ဖာ့ဆိုင်းတိုင်ဖုန်းမုန်တိုင်းသည် ယင်းဒေသကိုပင် ဝင်ရောက်တိုက်ခတ်သွားခဲ့ပြီး လူသုံးဦးသေဆုံးခဲ့ကာ အမေရိကန်ဒေါ်လာ ၇ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ဟာဂီဘစ်ကတော့ ဖာ့ဆိုင်းထက်ပိုမိုကြီးမား၊ ပိုမိုပြင်းထန်၊ ပိုမိုဖျက်ဆီးခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ကိုးဘီလီယံခန့် ရှိနေပြီဖြစ်ရာ ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့က ပိုမိုကြီးမားသည့် ဒွဲ၊ လုံ့လ၊ ပိုမိုပြင်းထန်သည့် ဝီရိယတို့ဖြင့် မုန်တိုင်းပြီးစီးချိန် ပြန်လည်ထူထောင်ရေးတို့ကို ဆောင်ရွက်နေကြပြီဖြစ်သည်။

**ဂျပန်ဧကရာဇ်၏နန်းတက်ပွဲ**

ဟာဂီဘစ်မုန်တိုင်း ဝင်ရောက်လာခဲ့ချိန်သည် ပုံမှန်အားဖြင့်ဆိုပါက ဆောင်းဦးကာလရာသီဖြစ်သည့် အားလျော်စွာ ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းသဘင်များ ကျင်းပသည့်ရာသီလည်းဖြစ်သည်။ ယခုနှစ်ဆောင်းဦးရာသီအတွက် အဓိကအကျဆုံး အထင်ကရဖြစ်မည့် ပွဲတော်မှာ ပြီးခဲ့သည့် မေလ ၁ ရက်နေ့တွင် ဂျပန်ထီးနန်း အရိုက်အရာကို ဆက်ခံခဲ့သော ဧကရာဇ် နာရူဟီတိုနှင့် မိဖုရား မာဆာကိုတို့ နန်းတက်ပွဲအခမ်းအနားဖြစ်ပြီး အမိုးဖွင့်မော်တော်ယာဉ်ဖြင့် ပြည်သူများကို လှည့်လည်နှုတ်ဆက်မည့် ချီတက်ပွဲလည်းပါဝင်သည်။ ဟာဂီဘစ်မုန်တိုင်းဒဏ်ခံစားခဲ့ရသော ပြည်သူများအား စာနာထောက်ထားသည့်အနေဖြင့် ဂျပန်ဧကရာဇ်အသစ်၏ ပြည်သူကို လှည့်လည်နှုတ်ဆက်ပွဲကို ယာယီရွှေ့ဆိုင်းထားသော်လည်း နိုဝင်ဘာလ ၁၀ ရက်နေ့တွင်တော့ ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံနှင့် ဂျပန်ပြည်သူတို့၏ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်သည့် ဂျပန်ဧကရာဇ် နာရူဟီတိုသည် ဘီစီ ၅၈၅-၆၀၀ မှ စတင်ခဲ့သည့် ဂျပန်ဘုရင်မင်းများတွင် ၁၂၆ ပါးမြောက် ဘုရင်ဖြစ်သည်။ ဂျပန်ထီးနန်းကို နှစ်ပေါင်း ၃၀ ကြာ စိုးစံလာခဲ့သည့် ဘုရင်ကြီး အကီဟီတိုသည် ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်နေ့တွင် နန်းစွန့်ခဲ့ရာ ဂျပန်ဧကရာဇ်တစ်ပါးအနေဖြင့် ထီးနန်းစွန့်လွှတ်မှုမှာ ၁၈၁၇ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးဖြစ်သည်။ ဂျပန်ဘုရင်မင်းဆက်တွင် ဟဲဆဲခေတ် (Heisei era) အဆုံးသတ်၍ ရဲဝခေတ်(Reiwa era) စတင်ခြင်းလည်းဖြစ်သည်။ ဘုရင်အသစ် နာရူဟီတိုသည် ဘုရင်အဖြစ်ရောက်ရှိပြီး ပထမဆုံး ပြောကြားသည့်မိန့်ခွန်းတွင် မိမိသည် ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ၏ဦးသျှောင်အနေဖြင့် နိုင်ငံသာယာဝပြောရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ စည်းလုံးညီညွတ်ရေး၊ ပျော်ရွှင်ရေးနှင့်ကမ္ဘာ့ငြိမ်းချမ်းရေးတို့တွင် ဖခမည်းတော်၏ လမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နာရူဟီတိုသည် ခမည်းတော်ဘုရင်ကြီး အကီဟီတိုကဲ့သို့ပင် ဂျပန်ပြည်သူလူထုက ချစ်မြတ်နိုးသည့် ဘုရင်တစ်ပါးအဖြစ် ဆက်လက်ရပ်တည်သွားဖွယ်ရှိသည်။ ဖခမည်းတော် ဘုရင်ကြီးကဲ့သို့ပင် ဘုရင့်တော်ဝင်မိသားစုနှင့် ပြည်သူလူထုတို့ နီးစပ်မှုရှိစေရန် ဆက်လက်ကြိုးပမ်းအားထုတ်သွားဖွယ်ရှိသည်။ ဂျပန်ဧကရာဇ် နာရူဟီတိုသည် ဂျပန်နိုင်ငံ၏ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများဖြစ်သော သက်ကြီးရွယ်အို လူဦးရေမြင့်တက်ခြင်း၊ မွေးဖွားနှုန်းလျော့ကျခြင်းနှင့် အလုပ်သမား ပိုမိုလိုအပ်လာခြင်း စသည့် လိုအပ်ချက်များ၊ ခေတ်ရေစီးကြောင်းနှင့် လိုက်လျောညီထွေဖြစ်စေရန်အပြင် စည်းလုံးညီညွတ်ရေးနှင့် ယခုထက်ပိုမိုသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများကို ခမည်းတော်ကဲ့သို့ပင် ဆောင်ရွက်နိုင်မည်ဟု ပြည်သူများကလည်း ယုံကြည်မျှော်လင့်ကြပြီး တစ်ကမ္ဘာလုံးကလည်း အားပေးလျက်ရှိသည်။

စာမျက်နှာ ၇ သို့ ❍



❍ ဂျပန်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားသွန်ကြိုးပမ်းနေကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ အဖို့ အတုယူဖွယ်ရာ၊ စံနမူနာ များစွာနှင့် ပြည့်နှက်နေသည့် နိုင်ငံတစ်ခုလည်းဖြစ်

❍ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ အနက် လူသားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်နေစိတ်ထား၊ စွမ်းဆောင်ရည်တို့သည် နိုင်ငံဖွံ့ဖြိုးမှု အတွက် မရှိမဖြစ် အရေးပါသည့် အကြောင်းတရားပင်ဖြစ်

○ စာမျက်နှာ ၆ မှ

ဂျပန်ထီးနန်းကို ဆက်ခံခဲ့သည့် ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ရာတော် မာဆာကိုတို့၏ နန်းတက်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက်နေ့တွင် တိုကျိုမြို့ရှိ ဘုရင့်နန်းတော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ ဗြိတိန်ဘုရင်မကြီးကိုယ်စား ချားလ်စ်မင်းသား၊ ဘယ်လ်ဂျီယံဘုရင်နှင့် မိဖုရား၊ စပိန်ဘုရင်နှင့် မိဖုရား၊ ဆွီဒင်ဘုရင်နှင့် မိဖုရား၊ နယ်သာလန်ဘုရင်၊ နော်ဝေဦးသျှောင်မင်းသား၊ ဒိန်းမတ်ဦးသျှောင်မင်းသား စသည်တို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စသည့် အကြီးအကဲများအပါအဝင် နိုင်ငံပေါင်း ၂၀၀ ခန့်မှ နိုင်ငံအကြီးအကဲခေါင်းဆောင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ ဂုဏ်သရေရှိပုဂ္ဂိုလ်များက တက်ရောက်ကြမည်ဖြစ်သည်။



**နိပွန်ကိုကုဟူသည့် ဂျပန်တို့မြေ**

ဂျပန်နိုင်ငံသည် ကျွန်းစုပေါင်း ၃၀၀၀ ကျော်ပါဝင်ပြီး နိပွန်ကိုကု သို့မဟုတ် နိဟွန်းကိုကုဟု ဂျပန်ဘာသာစကားဖြင့်ခေါ်ဆိုကြသည်။ မြန်မာနိုင်ငံကဲ့သို့ပင် တောင်နှင့်မြောက် သွယ်တန်းတည်ရှိနေသည့် နိုင်ငံဖြစ်သည်။ မြောက်ဘက်အကျဆုံး ဟော့ကိုင်းဒိုးကျွန်းသည် ဝင်ရိုးစွန်းဆန်သည့် ရပ်ဝန်းဒေသဖြစ်၍ အအေးပိုသကဲ့သို့ တောင်ဘက်စွန်းရှိ အိုကီနာဝါသည် အပူပိုင်းဆန်သည့် ရာသီဥတုကို ပိုင်ဆိုင်ထားသည်။ အလယ်မှာရှိသည့် ပင်မကျွန်းမှာမူ တောင်နှင့်မြောက်သွယ်တန်းထားသည့် တောင်တန်းရှိပြီး အရှေ့ဘက်ခြမ်းသည် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူကာ မိုးများတတ်သကဲ့သို့ အနောက်ဘက်ခြမ်းကမူ ဂျပန်ပင်လယ်ကိုမျက်နှာမူကာ ဆီးနှင်းများကျဆင်းတတ်သည်။

ကမ္ဘာပေါ်တွင် ဒသမမြောက် လူဦးရေအများဆုံးဖြစ်ပြီး လူဦးရေ ၁၂၈ သန်းရှိသည်။ နိုင်ငံအကျယ်အဝန်းမှာ မြန်မာနိုင်ငံ၏ အကျယ်အဝန်းအောက် စတုရန်းမိုင်နှစ်သောင်းကျော်ခန့် လျော့နည်းသေးငယ်ပြီး ဧရိယာ စတုရန်းမိုင် ၁၄၀၀၀၀ ကျော်ရှိသည်။ လူဦးရေမှာမူ မြန်မာနိုင်ငံ၏ နှစ်ဆကျော်ရှိလေသည်။ တိုကျိုမြို့ပြဒေသနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက် လူနေထိုင်မှုများပြားပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးသော မြို့ပြဧရိယာကြီးအဖြစ် လူဦးရေ သန်း ၃၀ ကျော်နေထိုင်ကြသည်။ ဂျပန်နိုင်ငံတွင် ပြည်နယ်စီရင်စုပေါင်း ၄၇ ခုရှိပြီး တစ်ခုစီတွင် မြို့တော်များ၊ မြို့များ၊ ကျေးရွာများပါရှိသည်။ ပစိဖိတ်မီးကွင်းဟု တင်စားခေါ်ကြသည့် မီးတောင်ဇုန်ပေါ်က ဂျပန်တွင် မီးမငြိမ်းသေးသည့် မီးတောင် ၁၀၀ ကျော်ရှိကာ ငလျင်များနှင့် ဆူနာမီများကို မကြာခဏ ခံစားကြရသည်။ ငလျင်လှုပ်ရန်နှင့် ဆူနာမီဖြစ်ပေါ်ရန် အခြေအနေများပြီး ဖွံ့ဖြိုးပြီးနိုင်ငံများအနက် သဘာဝဘေးအန္တရာယ် အမြင့်ဆုံးရှိသည့် နိုင်ငံလည်းဖြစ်သည်။

**စံနမူနာအတုယူဖွယ်ရာများနှင့်နိုင်ငံ**

ဂျပန်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ကြိုးပမ်းနေကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ အတုယူဖွယ်ရာ၊ စံနမူနာများစွာနှင့် ပြည့်နှက်နေသည့် နိုင်ငံတစ်ခုလည်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများအနက် လူသားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်နေစိတ်ထား၊ စွမ်းဆောင်ရည်တို့သည် နိုင်ငံဖွံ့ဖြိုးမှုအတွက် မရှိမဖြစ် အရေးပါသည့် အကြောင်းတရားပင်ဖြစ်သည်။ ဂျပန်လူမျိုးတို့၏ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးရည်မှန်းချက်များသည်ပင် ဂျပန်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထင်ရှားကျော်ကြားသည့် နိုင်ငံအဖြစ်သို့ ဝိုင်းဝန်းပို့ဆောင်ပေးခဲ့သည်ဟုပင် ဆိုရပေလိမ့်မည်။



၁၈၆၀ ပြည့်နှစ်ဝန်းကျင်တွင် စတင်ခဲ့သည့် မေဂျီခေတ်ပြုပြင်ပြောင်းလဲရေးကာလ (Meiji Reforms) အတွင်း ခေါင်းဆောင်များ၏ စနစ်တကျ အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းများကို ဂျပန်တစ်မျိုးသားလုံးက စိတ်အားထက်သန်စွာ လိုက်နာအကောင်အထည်ဖော်ခြင်းများသည် တံခါးပိတ်ဝါဒဖြင့် နေထိုင်ခဲ့သည့် ဂျပန်တို့၏ အစဉ်အလာများကို ဖောက်ထွက်ကာ လားရာတူသည့် အောင်မြင်မှုပန်းတိုင်ကို လျှောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အရှေ့တိုင်းနိုင်ငံများအနက် ဂျပန်နိုင်ငံ၏ ယခုကဲ့သို့ ထိုးထွက်လာနိုင်ခဲ့သည့်သမိုင်းကို ကြည့်မည်ဆိုလျှင် အလွန်ပင် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဂျပန်ဖွံ့ဖြိုးတိုးတက်မှုသမိုင်းဖြစ်စဉ်တွင် တိုးတက်မှုအရှိန်အဟုန်ကို စတင်ရရှိသည့်ကာလသည် ဗြိတိန်နောက် နှစ်ပေါင်း ၁၀၀ မျှ နောက်ကျခဲ့သော်လည်း ကမ္ဘာ့အနောက်ခြမ်းရှိ စက်မှုနိုင်ငံများကို ကျော်တက်ကာ စီးပွားရေးအားကောင်းလာနိုင်ခဲ့ခြင်းက ဂျပန်တို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးစားမှုတို့၏ ရလဒ်ပင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကာလ ကမ္ဘာပေါ်တွင် တစ်ခုတည်းသော အဏုမြူဗုံးကြဲချခံရသည့်နိုင်ငံ၊ စစ်ရှုံးနိုင်ငံဖြစ်ခဲ့သော်လည်း ပြာပုံထဲမှ ရုန်းကြွထပျံ လာနိုင်ခဲ့သည့် ဂျပန်လူမျိုးတို့၏ သံမဏိစိတ်ဓာတ်မှာ အံ့မခန်းဟုပင်ဆိုရမည်။

ခေါင်းဆောင်များ၏ အသိဉာဏ်အမြော်အမြင်ကြီးမားစွာ ဦးဆောင်ကြိုးပမ်းမှုနောက်မှ ပြည်သူများ၏ လိုက်ပါဆောင်ရွက်မှု အားကောင်းခြင်းများကြောင့်ပင် အခက်အခဲအကျပ်အတည်းများအားလုံးကို ကျော်လွှားနိုင်ကာ ၁၉၅၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီး ဆယ်နှစ်အကြာတွင် ပြန်လည်ခေါင်းထောင်လာနိုင်ခဲ့ပြီး ၁၉၆၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာ့နိုင်ငံကြီးများနှင့် ရင်ပေါင်တန်းလာနိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၏ ဂျပန်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ကမ္ဘာပေါ်တွင် မကြုံစဖူး ၁၃ ဒသမ ၂ ရာခိုင်နှုန်းအထိ စံချိန်တင်နိုင်ခဲ့သည်။

၂၀ ရာစုခေတ်လယ်ကာလ စက်မှုထွန်းကားသည့်

**○ ဂျပန်လူမျိုးတို့တွင် ဂုဏ်သိက္ခာသည် အလွန်တန်ဖိုးထားဖွယ်ရာဖြစ်**

**○ များစွာသော ဂျပန်လူမျိုးများသည် တာဝန်ဝတ္တရားတို့ကို ကျေပွန်စွာထမ်းဆောင်ကြသူများဖြစ်**

**○ တာဝန်မကျေပွန်ခြင်းသည် ပြစ်မှုတစ်ခု သို့မဟုတ် ရှက်ဖွယ်အပြုအမူတစ်ခုပင်ဖြစ်သည်ဟု ခံယူထားကြသလို တာဝန်မကျေပွန်သူကိုလည်း အမျိုးသားရေးစိတ်ဓာတ် အားနည်းသူများအဖြစ် ယူဆကြ**

အနောက်နိုင်ငံများနှင့် ရင်ပေါင်တန်းကာ မော်တော်ကား၊ အီလက်ထရွန်နစ်နှင့် အဆင့်မြင့်နည်းပညာကုန်စည်များ၊ စက်ကိရိယာ၊ သတ္တုနှင့် အစားအသောက်၊ အဝတ်အထည် စသည်တို့တွင် ကြီးမားသည့် ကမ္ဘာ့ဈေးကွက်ကို ရယူနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အလုပ်လုပ်သူမှာ ၆၅ ဒသမ ၉ သန်းခန့်ရှိပြီး နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသည်။ ၂၀၁၄ ခုနှစ် စီးပွားရေးလုပ်ရန် လွယ်ကူသည့်နိုင်ငံများ၊ တိုင်းပြည်များညွှန်းကိန်းတွင် အဆင့် ၂၇ ရှိပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အခွန်ကောက်ခံမှုအနည်းဆုံးနိုင်ငံလည်းဖြစ်သည်။ ဂျပန်နိုင်ငံသားများ၏ ကြိုးပမ်းမှုကြောင့် ၂၁ ရာစု မျက်မှောက်ကာလတွင်မူ ကမ္ဘာ့တတိယစီးပွားရေးအင်အားအကြီးမားဆုံး နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

**အောင်မြင်ခြင်း၏ စိတ်ဝင်စားဖွယ်ပဟေဠိ**

ဒုတိယကမ္ဘာစစ်ပြီးကာလ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို ဖန်တီးခဲ့ကြသည့် ဦးဆောင်သူများနှင့် ပြည်သူများ၏ အခန်းကဏ္ဍမှာ ကမ္ဘာ့အသိုင်းအဝိုင်း၏ အမြင်တွင် လွန်စွာစိတ်ဝင်စားစရာကောင်းပြီး တစ်ကမ္ဘာလုံးက အလေးထားစောင့်ကြည့်ခဲ့ကြရသလို ဂျပန်တို့၏ အောင်မြင်မှုအပေါ်တွင်လည်း ဂျပန်ပဟေဠိအဖြစ် မေးခွန်းထုတ်ခဲ့ကြသည်။

ဂျပန်လူမျိုးတို့တွင် ဂုဏ်သိက္ခာသည် အလွန်တန်ဖိုးထားဖွယ်ရာဖြစ်သည်။ များစွာသော ဂျပန်လူမျိုးများသည် တာဝန်ဝတ္တရားတို့ကို ကျေပွန်စွာ ထမ်းဆောင်ကြသူများဖြစ်သည်။ တာဝန်မကျေပွန်ခြင်းသည် ပြစ်မှုတစ်ခု သို့မဟုတ် ရှက်ဖွယ်အပြုအမူတစ်ခုပင်ဖြစ်သည်ဟု ခံယူထားကြသလို တာဝန်မကျေပွန်သူကိုလည်း အမျိုးသားရေးစိတ်ဓာတ် အားနည်းသူများအဖြစ် ယူဆကြသည်။ ဂျပန်တို့က တာဝန်ယူစိတ် ဂိရိ(giri)နှင့် ကျေးဇူးတရားအွန်း (on) တို့ကို တန်ဖိုးထားသည်။ giri on the world (ကမ္ဘာကြီးပေါ်တွင် တာဝန်ရှိမှု)၊ giri to one's name (မိမိ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်တာဝန်ရှိမှု)၊ oya-on (မိဘအပေါ် ကျေးဇူးတုံ့ပြန်မှု)၊ nushino-on (အရှင်သခင် အကြီးအကဲအပေါ် ကျေးဇူးတုံ့ပြန်မှု)နှင့် shino-on (ဆရာသမားအပေါ် ကျေးဇူးတုံ့ပြန်မှု) စသည့် ဂျပန်လူမျိုးတို့၏ ဗီဇပါစိတ်ဓာတ်များက ဂျပန်လူ့အဖွဲ့အစည်းကို ကမ္ဘာ့အသိုင်းအဝိုင်းအလယ်တွင် ဝင့်ထည်အောင်မြင်စေသော အဓိက သော့ချက်တစ်ခုပင်ဖြစ်ပါသည်။

သည့်အပြင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးတောင်ပေါက်ကွဲမှုများ၊ မြေငလျင်များ၊ ဆူနာမီရိုက်ခတ်မှုများ၊ တိုင်ဖုန်းကဲ့သို့သော မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြို တောင်ပြိုမှုများစွာ၏ အဖျက်အဆီးဒဏ်ကိုလည်း ဇွဲ၊ သတ္တိ၊ ခံနိုင်ရည်တို့ဖြင့် သမိုင်းတစ်လျှောက် ကြံ့ကြံ့ခံတွန်းလှန်နိုင်ခဲ့ကြကာ ဂျပန်မြေကိုအလှမပျက်အောင်ဖန်တီးတည်ဆောက်နိုင်ခဲ့ကြသည်။

ဂျပန်နိုင်ငံသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအားကောင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဂျပန်တို့သည် အလုပ်ကို စွဲစွဲမြဲမြဲ ဇွဲနပဲဖြင့် လုပ်တတ်ကြပြီး အလုပ်စွဲနေသူများအဖြစ်ပင် ကမ္ဘာကျော်သည်။ သို့သော် စိတ်ဓာတ်ခိုင်မာပြင်းထန်သည့် လူမျိုး၊ လုံ့လ၊ ဝီရိယ ကြီးကြီးမားမားဖြင့် အလုပ်ကို စွဲစွဲမြဲမြဲလုပ်တတ်သည့် လူမျိုးဟူ၍သာ ဂျပန်ကိုရှုမြင်ပါက ယင်းအမြင်သည် အစွန်းတစ်ဖက်သို့ ရောက်ရှိနေလိမ့်မည်ဟု ထင်မြင်မိသည်။ တစ်ဖက်တွင်လည်း ဂျပန်လူမျိုးတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး သဘာဝပတ်ဝန်းကျင်ကို အမြတ်တနိုးအလေးထားကြသူများလည်း ဖြစ်ကြသည်။ သဘာဝလောကကြီး၏ နက်ရှိုင်းသည့်သဘောတို့ကို စူးစိုက်ရှုမြင်ခံစားတတ်ကြသူများလည်းဖြစ်ပြီး အနုပညာအားကောင်းကြသူများလည်း ဖြစ်သည်။

မြန်မာစာရေးဆရာ၊ ကဗျာဆရာကြီးများ၏ ကျေးဇူးကြောင့် ဂျပန်ဟိုက္ကူကဗျာခေါ် ကဗျာတိုသလောက်နက်ရှိုင်းသည့် အတွေးနှင့် ခံစားမှုတို့ကို ပေးစွမ်းနိုင်သည့် ကဗျာကလေးများ မြန်မာစာပေနယ်သို့လည်း ရောက်ရှိနေခဲ့သည်မှာ ဆယ်စုနှစ်များပင်ချီ၍ ရှိနေခဲ့ပြီဖြစ်ရာ ဟိုက္ကူကဗျာများကို ဖတ်ရှုခံစားကြည့်ခြင်းအားဖြင့် ဂျပန်တို့၏ စိတ်နှလုံးကို အနီးစပ်ဆုံးမြင်တွေ့နိုင်ပါလိမ့်မည်။

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင် ဉာဏ်ပညာအား၊ ဝီရိယအားတို့အပြင် စိတ်နှလုံးခံစားမှုအားတို့လည်း မဖြစ်မနေလိုအပ်သည်ပင်။ စစ်မက်ဘေး၊ သဘာဝဘေးတို့ကို သမိုင်းတစ်လျှောက် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်တိုင်အောင် ဂျပန်သည် မီးပုံထဲမှ ဒဏ္ဍာရီငှက်သဖွယ် ပြန်လည်ရှင်သန်လာစမြဲ။ ဤသို့လျှင် ချယ်ရီပန်းကလေးများနှင့် ဟိုက္ကူကဗျာလေးများ၏ ဇာတိမြေဂျပန်သည် ထာဝရ လှပနေပါဦးမည်။ ။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၉ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ရှုဒူဇွပ် ကျေးရွာနေ ဝင်းရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၀-၂၀၁၉ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ရှုဒူဇွပ်ကျေးရွာနေ ဝင်းရွှေ(ခ) ဝင်းဆွေ(၅၃)နှစ်၊ (ဘ)ဦးသူတော်လေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တနိုင်းမြို့နယ်၊ တိမ်ကောက်ကျေးရွာနေ သော်တာ(၃၈) နှစ်၊ (ဘ) ဦးညီညီထွန်းတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကာမိုင်း)မယ(ပ)၁၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ဆက်လက်၍ နေအိမ်ခြံဝန်းအတွင်း ဆောက်လုပ်ထားသည့် မြေစိုက်နေအိမ်အား ထပ်မံရှာဖွေရာ အိမ်ငှားနေထိုင်သည့် မထု(ခ) ပေါက်ဆားထု (၄၂)နှစ်၊ (ဘ)ဦးပေါက်ဆားယော်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကာမိုင်း) မယ(ပ)၁၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မဂရန်းယန်ကျေးရွာနေ ဒေါ်ခေါင်ညွယ်(ခ) နန္ဒာလှိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၀-၂၀၁၉ ရက်နေ့တွင် ဝိုင်းမော်မြို့နယ်၊ မဂရန်းယန်ကျေးရွာနေ ဒေါ်ခေါင်ညွယ်(ခ)နန္ဒာလှိုင်(၅၂)နှစ်၊ (ဘ) ဦးလွမ်းခေါင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆဒုံး) မယ(ပ)၁၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာနေ ဒေါ်သီသီခိုင်၊ ဒေါ်ကျင်မြနှင့် ဒေါ်အေးစတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာနေ ဒေါ်သီသီခိုင်(၃၇)နှစ်၊ (ဘ)ဦးကျော်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အင်းရွာ) မယ (ပ)၁၉/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ ဒေါ်ကျင်မြ(၃၂)နှစ်၊ (ဘ) ဦးသောင်းအေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး ခင်ပွန်းဖြစ်သူ တင့်လွင်(၅၁)နှစ်၊ (ဘ)ဦးအေးကိုအား WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ)မယ (ပ)၂၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ ဒေါ်အေးစ(၅၂)နှစ်၊ (ဘ) ဦးကြွား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ မောင်ငွေး (၅၅)နှစ်၊ (ဘ) ဦးအေးဖေတို့ (၂) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ)မယ(ပ)၂၁/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉ (က)/ ၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ အင်းကြီးကျေးရွာနေ ဒေါ်ပုချို သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ အင်းကြီးကျေးရွာနေ ဒေါ်ပုချို(ခ)ဝေဝေ(၄၁)နှစ်၊ (ဘ)ဦးဒင်ဂါ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ချစ်မင်းသူ(၂၂)နှစ်၊ (ဘ)ဦးစီ၊ အောင်ငြိမ်းဦး (၃၅)နှစ်၊ (ဘ)ဦးကျော်ထွန်းတို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အင်းရွာ)မယ(ပ) ၂၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊တောင်အင်းလေးကျေးရွာနေ ဖဲအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၀-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ တောင်အင်းလေးကျေးရွာနေ ဖဲအောင်(၄၈)နှစ်၊ (ဘ)ဦးထွန်းပေါ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ) ၆၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်ပုံကျေးရွာနေ အုန်းလှသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၀-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ တောင်ပုံကျေးရွာနေ အုန်းလှ(၅၀)နှစ်၊ (ဘ)ဦးအောင်ရွှင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကန့်ဘလူမြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာနေ ဗိုလ်ဟိန်း(ခ) ဖိုးဆာ(၂၉)နှစ်၊ (ဘ) ဦးစက်အောင်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း) မယ(ပ)၆၂/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ပါဝယ်ကျေးရွာနေ မအဲခိုင်နှင့် မသန်းငွေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၀-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ပါဝယ်ကျေးရွာနေ မအဲခိုင်(ခ)တင်မိုးခိုင်(၃၅)နှစ်၊ (ဘ) ဦးပွဲမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၁၆၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့်လည်းကောင်း၊ အလားတူ ၁၉-၁၀-၂၀၁၉ ရက်နေ့တွင် ၎င်းကျေးရွာနေ မသန်းငွေး (၄၆) နှစ်၊ (ဘ)ဦးဖိုးထွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၄၅/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ လှိုင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၀-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာလမ်းပေါ်၌ ၎င်းကျေးရွာနေ လှိုင်ဝင်း(၄၂)နှစ်၊ (ဘ) ဦးအောင်တင်အား ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၁၆၂/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မင်းသန်းကျေးရွာနေ အိုနီနှင့် မြမောင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၉ ရက်နေ့တွင် မြိတ်မြို့နယ်၊ မင်းသန်းကျေးရွာနေ အိုနီ(ခ) မောင်နီ(၃၄)နှစ်၊ (ဘ)ဦးမြင့်လွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြိတ်)မယ(ပ)၂၀၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ မြမောင်(၄၃)နှစ်၊(ဘ)ဦးမောင်ရှိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြိတ်) မယ(ပ) ၂၁၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဲချောင်းကျေးရွာနေ ဒေါ်အေးနွဲ့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁၀-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ သဲချောင်းကျေးရွာနေ ဒေါ်အေးနွဲ့(ခ)အေးအေးနွဲ့(၃၇)နှစ်၊ (ဘ) ဦးအောင်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျွန်းစု) မယ(ပ)၃၆/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ ဈေးရပ်ကွက်နေ ဇင်မောင်နှင့် ပေါလေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၀-၂၀၁၉ ရက်နေ့တွင် သုံးဆယ်မြို့၊ ဈေးရပ်ကွက်နေ ဇင်မောင်ဦး(ခ) ဇင်မောင်(၅၅)နှစ်၊ (ဘ)ဦးခင်သောင်းနှင့် ညီဖြစ်သူ ပေါလေး(ခ)ဇင်အောင်ထွေး (၄၉)နှစ်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သုံးဆယ်)မယ(ပ)၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းအုပ်စု၊ ငါးရံ့အင်းလုပ်ကွက်ဟောင်းအနီး ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၀-၂၀၁၉ ရက်နေ့တွင် မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းအုပ်စု၊ ငါးရံ့အင်းလုပ်ကွက်ဟောင်းအနီး စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ သာယာကုန်းရပ်နေ ထွန်းလူ (၃၇)နှစ်၊ (ဘ)ဦးခင်လှိုင်အား ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးကုတ်)မယ (ပ) ၁၁၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အလားတူ ၁၄-၁၀-၂၀၁၉ ရက်နေ့တွင် ၎င်းလုပ်ကွက်ဟောင်းအနီး၌ ပန်တဟိုးကျေးရွာနေ ဗျာလူး (၆၇)နှစ်၊ (ဘ)ဦးအာဟူးအား စိစစ်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မိုးကုတ်)မယ(ပ)၁၁၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အခီဝင်းနေ တင်ကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၀-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ တောင်ရိုးတန်းလမ်းပေါ်၌ ရွှေတောင်ရပ်ကွက်၊ အခီဝင်းနေ တင်ကို(၄၅)နှစ်၊ (ဘ) ဦးတင်အောင်နှင့် ကျိုက်ဖနဲရပ်ကွက်နေ မအဲလိဇဘတ်(၂၂)နှစ်၊ (ဘ) ဦးမာတူးတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဒိုင်းဝန်ကွင်း) မယ(ပ)၂၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့်လည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ တရားခံတင်ကို၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ICE များအား ထပ်မံသိမ်းဆည်းရမိသဖြင့် နမစ (မုပွန်) မယ(ပ)၃၂/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မေတ္တာလမ်းနေ ဒေါ်မဲသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၀-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မေတ္တာလမ်းမပေါ်၌ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၇) ရပ်ကွက်နေ ဒေါ်နီုးနီုးဝင်း(၄၅) နှစ်၊ (ဘ)ဦးဟန်မောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ)မယ(ပ) ၃၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၆(ဂ) ဖြင့်လည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းလမ်းနေ ဒေါ်မဲ(ခ) ခင်မေဇင်(၆၂)နှစ်၊ (ဘ) ဦးသိန်းမြင့်၏ နေအိမ်အားဆက်လက်ရှာဖွေရာ ၎င်းနှင့်အတူ သမီးဖြစ်သူ မဇာနီလွင်(၃၄)နှစ်၊ (ဘ)ဦးခင်ညိုတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြား (၇၆၀)ပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ)မယ (ပ)၄၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်နေ ရဲရင့်ကျော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၀-၂၀၁၉ ရက်နေ့တွင် တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်နေ ရဲရင့်ကျော်(၂၂)နှစ်၊ (ဘ)ဦးအောင်ကျော်ဆန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာနေအိမ်အနောက်ဘက်မှ ခုန်ချထွက်ပြေးသွားပြီး ဇနီးဖြစ်သူ မနှင်းပွင့်လှိုင်(၂၂)နှစ်၊(ဘ)ဦးမောင်မြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(တာမွေ) မယ(ပ)၃၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ ထွန်းနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၀-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ ထွန်းနိုင်(၃၆)နှစ်၊ (ဘ)ဦးကုလား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရွှေညောင်) မယ(ပ) ၆၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၉ သို့ ❑



# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အာဆီယံ-ကိုရီးယား ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန်  အောက်တိုဘာ ၂၁

ကိုရီးယားသမ္မတနိုင်ငံ ဂွမ်ဂျူးမြို့၌ အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် အာဆီယံ-ကိုရီးယား ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# သုတေသနနည်းနာနိသ္သယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းဖွင့်လှစ်

နေပြည်တော်  အောက်တိုဘာ ၂၁

**သုတေသနနည်းနာနိသ္သယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**





အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့သင်တန်းတွင် ပို့ချမည့် သုတေသနလုပ်ပုံလုပ်နည်း (Research Methodology)၊ ပြည်သူ့ဆက်ဆံရေး (Public Relations) နှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု (Information Management) ဆိုသည့် ဘာသာရပ်များသည် ခေတ်ကာလတိုင်းတွင် အရေးပါခဲ့ပြီး ဝန်ကြီးဌာနဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းဖြစ်စေ၊ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ အားလုံးအတွက် များစွာအသုံးဝင်ပါကြောင်း။

**အသုံးပြုမှုများပြားလာ**

ယခုခေတ်တွင် နည်းပညာအရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာမှုသည် အရာရာကို များစွာသက်ရောက်မှုများရှိလာပါကြောင်း၊ မြန်မာနိုင်ငံတွင် မိုဘိုင်းလ်ဖုန်းအသုံးပြုမှုအရေအတွက်သည် နိုင်ငံလူဦးရေထက်ပင် များပြားပါကြောင်း၊ နည်းပညာတိုးတက်လာမှုကြောင့် ပြည်သူအများစုမှာ မိုဘိုင်းလ်ဖုန်းအသုံးပြု၍ သတင်းအချက်အလက် ရယူသုံးစွဲသည့်ပုံစံသို့ ပြောင်းလဲလာပါကြောင်း၊ သမားရိုးကျမီဒီယာများ၏ အခန်းကဏ္ဍ အားနည်းလာပါကြောင်း၊ ထို့အတူ အွန်လိုင်းစာကြည့်တိုက်အသုံးပြုမှုများပြားလာပြီး စာကြည့်တိုက်သို့ သွားရောက်အချက်အလက်ရယူမှုလည်း အားနည်းလာပါကြောင်း။

ယနေ့ သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို နိုင်ငံ့ဝန်ထမ်းများအတွက် ပြောင်းလဲနေသည့် အချိန်အခါ၊ အခြေအနေ၊ နည်းပညာများနှင့် သဟဇာတဖြစ်အောင် ပြင်ဆင်ထားရှိပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုပါကြောင်း၊ ထို့အတူ သင်တန်းမှ ရရှိလာသည့် အသိပညာ၊ ဗဟုသုတများကိုလည်း ဌာနအတွက်၊ နိုင်ငံအတွက် ထိထိရောက်ရောက် အသုံးချစေလိုသည့်အပြင် သင်တန်းတက်ရောက်ခွင့် မရရှိသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း ထပ်ဆင့်မျှဝေစေလိုပါကြောင်း ပြောကြားသည်။

**အဓိကအခန်းကဏ္ဍမှပါဝင်**

ထို့နောက် Konrad Adenauer Stiftung (KAS) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Thomas Knirsch က ပြည်သူ့ဝန်ဆောင်မှုနှင့် ပြည်သူ့ဝန်ထမ်းများသည် မည်သည့်နိုင်ငံရေးစနစ်တွင်မဆို အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ကြပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ မျက်မှောက်အကူးအပြောင်းဖြစ်စဉ်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာခေါင်းစဉ်အကြောင်းအရာအားလုံးသည် လက်ရှိဖြစ်ပေါ်နေသော ပြည်သူ့ဝန်ဆောင်မှုပိုင်းဆိုင်ရာ အသွင်ကူးပြောင်းရေးနှင့် ကိုက်ညီလျက်ရှိပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးပွားစေရေးကို အားပေးမြှင့်တင်နိုင်စေရန်၊ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရန် အထောက်အပံ့ပြုခွင့်ရသည်ကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Panna Institute မှ ပညာရပ်ဆိုင်ရာအကြံပေး ဒေါက်တာတင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ငါးရက်တာ ဖွင့်လှစ်သွားမည်**

ယခုဖွင့်လှစ်သည့် ဒုတိယအကြိမ် သုတေသနနည်းနာနိသ္သယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်သင်တန်းကို အောက်တိုဘာ ၂၅ ရက်အထိ ငါးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ အရာထမ်း၊ အမှုထမ်း ၅၀ တက်ရောက်ကြသည်။

**စီစဉ်ထား**

ပထမအကြိမ် သုတေသနနည်းနာနိသ္သယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်သင်တန်းကို ဇွန်လတွင် ဖွင့်လှစ်ခဲ့ပြီး တတိယအကြိမ်သင်တန်းကို လာမည့် ဒီဇင်ဘာလတွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

❑ စာမျက်နှာ ၈ မှ

| | | |
|---|---|---|
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံစိန်ရပ်ကွက်နေ ကျော်မင်းသိန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၀-၂၀၁၉ ရက်နေ့တွင် ဝါးခယ်မမြို့နယ်၊ ကျုံစိန်ရပ်ကွက်နေ ကျော်မင်းသိန်း(၅၅)နှစ်၊ (ဘ)ဦးကျော်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝါးခယ်မ)မယ (ပ)၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မြရတနာရပ်ကွက်နေ အကြီးကောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၀-၂၀၁၉ ရက်နေ့တွင် မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ အေ(၃)လမ်းထိပ်၌ အမှတ်(၃)ရပ်ကွက်၊ အနောက်စံပြ(၃) လမ်းနေ ရဲသူထက်(ခ)ကိုရဲ(၂၂)နှစ်၊ (ဘ)ဦးဝင်းချစ် စီးနင်းလာသည့် ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး မြရတနာရပ်ကွက်၊ အေ(၂)လမ်းနေ အကြီးကောင်(ခ)ဟိန်းမင်းလတ်(ဘ) ဦးမြင့်ဟန်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ(မြောင်းမြ) မယ (ပ) ၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၉-၁၀-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၈၀၈) မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၀၅၂)ဦး၊ မ(၂၀၂)ဦး၊ ပေါင်း(၁၂၅၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၇၀၄၈.၉၈၉၄) ဂရမ်၊ ICE(၁၃၄၁.၉၂)ဂရမ်၊ ဘိန်း(၃၉၉၁၄.၁၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၂၇၃၉.၂၇) ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၄၇၀၈၁)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# ရွှေပြည်သာ စာရေးဆရာအသင်း အမှတ်တရ ကဗျာရွတ်ဆိုပွဲ ကျင်းပ

ရန်ကုန်  အောက်တိုဘာ ၂၁

ရွှေပြည်သာစာရေးဆရာအသင်းက အသင်းဝင် ဆရာဝေလင်းမောင်မောင်၏ ဖခင် စာရေးဆရာကြီး (၁၁)နှစ်ပြည့် အမှတ်တရ ကောင်းမှုကုသိုလ် အလှူဒါနပြုခြင်းနှင့် လူငယ်များ စာပေဗဟုသုတတိုးပွားစေရန် ကဗျာရွတ်ဆိုပြိုင်ပွဲကို ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းရုံး၌ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း**

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ရာပြည့်အခမ်းအနားနှင့် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပသည်။



**ပါဝင်လက်မှတ်ရေးထိုး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၁၉၁၉ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့် ယခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်ပြီဖြစ်ကြောင်း၊ ILO အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ရာပြည့်နှစ်ကို ဂုဏ်ပြုသည့်အနေဖြင့် ILO ဆောင်ပုဒ်ဖြစ်သည့် **"ILO ရာပြည့်မှစ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်တိုးမြင့်ရေးနှင့် လူမှုတရားမျှတရေးမြှင့်တင်ဆောင်ရွက်ကြ"** ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ILO ရာပြည့်ကာလကို ဂုဏ်ပြုသည့်အနေဖြင့် ILO အခြေခံပြဋ္ဌာန်းချက်တစ်ခုဖြစ်သည့် အငယ်ဆုံးအသက်ဆိုင်ရာပြဋ္ဌာန်းချက်အမှတ် (၁၃၈) ကို လက်ခံကျင့်သုံးနိုင်ရေး လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း၌ ILO ရာပြည့်နှစ်ကို ဂုဏ်ပြုသည့်အနေဖြင့် ASEAN အလုပ်သမားဝန်ကြီးများ ညီလာခံကို မေ ၂၉ ရက်မှ ၃၀ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့ပြီး အနာဂတ်အလုပ်အကိုင်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်ကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ယခု ရာပြည့်အခမ်းအနားအပြီးတွင် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရသုံးပွင့်ဆိုင်ကိုယ်စားလှယ်များနှင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး Decent Work Country Programme (2018–2021) ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အဓမ္မခိုင်းစေမှု ပပျောက်ရေးစီမံချက်များ အလေးထားလုပ်ဆောင်နေမှု၊ အလုပ်သမားရေးရာဥပဒေများ ပြင်ဆင်ပြောင်းလဲမှုတို့ကို ဆွေးနွေးသွားမည်ဖြစ်၍ ရာပြည့်ကာလအဖြစ် ရလဒ်ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ILO ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များက အမှာစကားပြောကြားကြပြီး ရာပြည့်အထိမ်းအမှတ် ဗီဒီယိုပြသခြင်း၊ အနာဂတ်အလုပ်အကိုင်ဆိုင်ရာ ILO ရာပြည့်ကြေညာချက်ကို ရှင်းလင်းတင်ပြခြင်းနှင့် အဖွဲ့လိုက်ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများနှင့် အကဲဖြတ်ဒိုင်များကို ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရာပြည့်အထိမ်းအမှတ်ဓာတ်ပုံပြခန်းကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံက စတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေ အစီအစဉ်ကို ရှင်းလင်းဆွေးနွေးခြင်း၊ မြန်မာနိုင်ငံအစိုးရက တာဝန်ယူဆောင်ရွက်နေသည့် အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာလုပ်ငန်းစီမံချက်၊ တိုင်ကြားမှုယန္တရားထူထောင်ရေး ဆောင်ရွက်နေမှု၊ ကြားကာလယန္တရားဖြင့် တိုင်ကြားမှုများ လက်ခံဖြေရှင်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အလုပ်သမားရေးရာ ဥပဒေပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# မြန်မာတိုင်းရင်းဆေးကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၂၁**

အိန္ဒိယနိုင်ငံ Ministry of AYUSH က ကြီးမှူး၍ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ နယူးဒေလီမြို့၌ ကျင်းပမည့် Mekong–Ganga Cooperation "Workshop on Traditional and Complimentary" နှင့် "Ayurreda Day" သို့ တက်ရောက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမိုးဆွေ၊ တိုင်းရင်းဆေးပညာရပ် အကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးမိတ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံမှ ဦးစီးအရာရှိ ဒေါ်တင်နန်းနွယ်၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် လက်ထောက်ကထိက (အကြော၊အရိုး၊အဆစ်)မှ ဒေါ်ဝင့်သီဂီ တို့ပါဝင်သော မြန်မာတိုင်းရင်းဆေးကိုယ်စားလှယ် ငါးဦးတို့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယလေကြောင်းလိုင်းဖြင့် နယူးဒေလီမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။


**ကြေးမုံ**

**✻ မြန်မာ့လက်ရွေးစင်မှ**

ပြောင်းလဲလိုက်သောကြောင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။ ပထမပိုင်းတွင် မြန်မာအသင်း ကစားပုံအသာမရခဲ့ဘဲ တီမောအသင်း၏ တုံ့ပြန်မှုကြောင့် အားကုန်ထုတ်ကစားခဲ့ရသည်။ ၁ မိနစ်တွင် ခင်ဇော်လင်း သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ချေပဂိုးပြန်ပေးလိုက်ရသောကြောင့် တစ်ဂိုးစီသရေကျသွားကာ ပထမပိုင်းပြီးခါနီးမှ မြန်မာအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ၁၉ မိနစ်တွင် လှိုင်မင်းထွန်းက သွင်းယူခဲ့သည်။ ပထမပိုင်းတွင် ပြန်လည်ဦးဆောင်နိုင်ခဲ့သည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး မိနစ် ၃၀ ကျော်မှ အနိုင်ဂိုးများထပ်မံရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၃၃၊ ၃၅ မိနစ်တွင် ငြိမ်းမင်းစိုး၊ ၃၆ မိနစ်တွင် ပြည့်ဖြိုးမောင်–၂ နှင့် ၃၉ မိနစ်တွင် ကောင်းချစ်သူတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (က) ၌ ထိုင်း၊ တီမော၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ကျရောက်နေပြီး အခြားပွဲတွင် ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို ၁၂ ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၂ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီတွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (ခ) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။

**သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–MFF**





# နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း** – ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ လယ်ပြင်ရပ်၊ ခမည်းတော် ဦးဘသိန်း၊ မယ်တော် ဒေါ်အေးသီတို့မှ ၁၂၉၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်၊ (၇–၁၁–၁၉၃၃) အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုခြင်း** – ဆရာတော်လောင်းလျာသည် မြို့သစ်မြို့၊ ဘုရားကြီးရပ်၊ ဦးကြီးတော် ဆရာတော် ဘဒ္ဒန္တဉာဏဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၅) ရက်၊ (၂၈–၁၀–၁၉၅၃) ရက်နေ့တွင် မြို့သစ်မြို့၊ လယ်ပြင်ရပ်၊ ဈေးဝင်မင်းကျောင်းခန္ဓသိမ်၌ ဈေးဝင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေဆည်းပူးတော်မူခြင်း** – ဆရာတော်သည် မြို့သစ်မြို့၊ ဘုရားကြီးရပ်၊ ဦးကြီးတော် ဆရာတော် ဘဒ္ဒန္တဉာဏဝံသ၊ ဈေးဝင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရစသော ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးတော်မူခြင်း** – ဆရာတော်သည် နတ်မောက်မြို့နယ်သံဃာ့ဝန်ဆောင်၊ မကွေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်၊ မကွေးတိုင်းဒေသကြီး ပထမပြန်စာမေးပွဲ ကျင်းပရေးအဖွဲ့အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်နှင့် ၂၀၁၇ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း** – ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိ မာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ (၃)ပါး တို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း** – ဆရာတော်ကြီးသည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၆) နှစ်၊ သိက္ခာတော်(၆၆) ဝါအရ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၆)ရက်၊ (၁၉–၁၀–၂၀၁၉)ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**

# အလုပ်အကိုင် အခွင့်အလမ်း ၃၃၀၀၀ ကျော် ဖန်တီးပေးနိုင်မည့်လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု



**ရန်ကုန် အောက်တိုဘာ ၂၁**
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၀ ဦးတို့ တက်ရောက်ကြသည်။

**ဖန်တီးပေးနိုင်မည်**

အစည်းအဝေးတွင် အိမ်ရာ/ အဆောက်အဦကဏ္ဍ၊ ပညာရေးဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်း ရှစ်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၉ ဒသမ ၈၈ သန်းနှင့် ငွေကျပ် ၁၅၆၉၃၀ ဒသမ ၀၁ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၃၂၇၉ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ နိုင်ငံပေါင်း ၅၀ တို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၃၇ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၁၈၇၄ ဒသမ ၂၆၅ ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။

နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၈၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးစိုးအောင် ကချင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၂၁**
ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့ နံနက်ပိုင်းတွင် ဗန်းမော်မြို့ရှိ နှစ် ၂၀၀၀ နှစ်ခြင်းတိုက်ပွဲရှောင်စခန်း၌ တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံသည်။

**မေးမြန်းဆွေးနွေး**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မူလနေရပ်ကျေးရွာများသို့ ဂုဏ်သိက္ခာရှိရှိလုံခြုံစွာဖြင့် ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေမှုများ၊ လတ်တလောဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ ရေတို၊ ရေရှည် စီမံချက်ချမှတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ဗန်းမော်မြို့နယ်အတွင်းရှိ လီဆူ၊ နှစ် (၂၀၀၀)၊ ရောဘတ်၊ ထွယ်ဆန်၊ နှစ်ခြင်း (မူရင်း)နှင့် ဖန်ခါးကုန်းတိုက်ပွဲရှောင်စခန်းများရှိ အိမ်ထောင်စု ၁၁၇၂ စုမှ လူဦးရေ ၆၇၅၈ ဦးအတွက် ရိက္ခာဖိုးငွေကျပ် ၆၀၈၂၀၀၊ မွေးကင်းစကလေးငယ် ၃၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀၂၀၀၀၀ ကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စခန်းတာဝန်ခံများထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိုးမောက်မြို့ RC Camp ရှိ တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံပြီး စခန်းအတွင်း နေထိုင်မှုနှင့် လိုအပ်ချက်များ၊ မိမိတို့၏ ဆန္ဒနှင့်အညီ ဂုဏ်သိက္ခာရှိစွာဖြင့် မူလနေရပ်များသို့ ပြန်လည်အခြေချနေထိုင်ရေးများကို ညှိနှိုင်းဆွေးနွေးပြီး RC၊ နှစ်ခြင်းနှင့် မန္တလေးကျောင်းတို့ရှိ တိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၆၆၇ စု၊ လူဦးရေ ၃၂၂၇ ဦးအတွက် ငွေကျပ် ၂၉၀၄၃၀၀၊ မွေးကင်းစကလေးငယ် ၁၆ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ကိုးဦးနှင့် သက်ကြီးဘိုးဘွား ၁၁ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀၈၀၀၀၀ ကို စခန်းတာဝန်ခံများထံ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်နိုင်မည့် ဦးစားပေးနေရာများ ရွေးချယ်၍ ပြောင်းရွှေ့ပေးရေးသည် ပထမဦးစားပေးဖြစ်ပါကြောင်း၊ အခြေခံလိုအပ်ချက်များဖြစ်သည့် နေအိမ်များ ဆောက်လုပ်ပေးရေး၊ ပညာရေး၊ ကျန်းမာရေး၊ မိုင်းရှင်းလင်းရေး၊ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ညှိနှိုင်းပေးမည်**

ယင်းနောက် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်နိုင်ရေးအတွက် ၎င်းတို့၏ဆန္ဒကို သိရှိနိုင်ရန်အတွက် နေရပ်ပြန်ပြီးသူများ၏ ကျေးရွာများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများကို တွေ့ဆုံခဲ့ကြောင်း၊ ၎င်းတို့၏တင်ပြချက်အရ လုံခြုံရေး၊ နေအိမ်ဆောက်လုပ်ပေးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး စသည်တို့ကို ဆက်လက်ကူညီပံ့ပိုးသွားမည့်အပြင် UN/ INGO ၊Red Cross Movement တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကချင်တိုက်ပွဲရှောင်များ နေရပ်ပြန်ရေး ကူညီဆောင်ရွက်ပေးနိုင်ရန် ကချင်ဘာသာရေးခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော Kachin Humanitarian Concern Committee (KHCC)မှ ဖာသာရ်နော့ဇနော်လတ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ UNOCHA၊ UNHCR နှင့် ICRC တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**သတင်းစဉ်**

# ဆွီဒင်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ သတင်းမှတ်တမ်းရိုက်ကူး



ဆွီဒင်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ ဒလမြို့နယ်ရှိ ဒေသခံများ လယ်ယာလုပ်ကိုင်နေပုံအား သတင်းမှတ်တမ်းရိုက်ကူးစဉ်။




ဆွီဒင်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ Telenor Myanmar ဆိုင်ခန်းတွင် ကွန်ရက်ချိတ်ဆက်နေပုံအား သတင်းမှတ်တမ်းရိုက်ကူးစဉ်။


**ရန်ကုန် အောက်တိုဘာ ၂၁**
ဆွီဒင်နိုင်ငံ Seventy Agency မှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုဇုန်ရှုခင်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ၎င်းစက်မှုဇုန်ရှိ Season One Co.,Ltd. နှင့် UPG Co.,Ltd. စက်ရုံများတွင် သတင်းမှတ်တမ်းရိုက်ကူးသည်။

အဆိုပါရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ဒလမြို့နယ် သပြေကုန်းကျေးရွာတွင် လယ်ယာလုပ်ကိုင်နေပုံ၊ မဟာသဗ္ဗညုတ အောင်တော်မူစေတီတော်နှင့် ပတ်ဝန်းကျင်ရှုခင်းများ၊ Wave Money ဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့က ရွှေတိဂုံစေတီတော်နှင့် ဆူးလေဘုရားဝန်းကျင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် မြန်မာပလာဇာများတွင် လူအများသွားလာလှုပ်ရှားပုံများ၊ Ericsson Myanmar နှင့် Telenor Myanmar ရုံးခန်းများတွင် ဆက်သွယ်ရေးကွန်ရက် ချိတ်ဆက်ပုံများကိုလည်းကောင်း ရိုက်ကူးခဲ့ပြီး အောက်တိုဘာ ၂၂ ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ဆက်လက်ရိုက်ကူးမည်ဖြစ်သည်။

ဆွီဒင်နိုင်ငံမှ Ericsson နည်းပညာနှင့် Telenor တို့ ပူးပေါင်းပြီး ဆက်သွယ်ရေးကွန်ရက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အောင်မြင်နေမှု၊ မြန်မာနိုင်ငံ၏ သာယာလှပသော ရှုခင်းများနှင့် လူနေမှုဘဝများ ရိုက်ကူးထားမှုကို နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် အီတလီနိုင်ငံ၊ Artificial Intelligence Summit တွင် ပြသနိုင်ရန်အပြင် Ericsson နှင့် Telenor တို့၏ Online Website တို့တွင်လည်း ပြသရန်စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**နီနီဝင်း(FDC)**

# အာဖဂန် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် အမေရိကန် ကာကွယ်ရေးဝန်ကြီး မျှော်လင့်




**ကဘူးလ် အောက်တိုဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန် ကာကွယ်ရေးဝန်ကြီး မတ်ခ်အက် စပါက တာလီဘန်သောင်းကျန်းသူအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု များ ပြန်လည်စတင်ရန် မျှော်လင့်ပါကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ပင်တဂွန်အကြီးအကဲ ဖြစ်လာပြီးနောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်သည့် ပထမဆုံးသော ခရီးစဉ်အတွင်း အက်စပါသည် ယမန်နေ့က အာဖဂန်သမ္မတ အက်ရှ်ရက်ဖ်ဂါနီနှင့် တွေ့ဆုံခဲ့သည်။ "ရည်ရွယ်ချက်ကတော့ ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် အတိုင်းအတာတစ်ခုအထိရရှိပြီး နိုင်ငံရေးသဘောတူညီချက်တစ်ရပ် ဖော်ဆောင်ဖို့ဖြစ်ပါတယ်။ ဒါဟာ ရှေ့ဆက်လျှောက်လှမ်းဖို့ အကောင်းဆုံးနည်းလမ်း ဖြစ်ပါတယ်"ဟု အက်စပါက အစည်းအဝေးမစတင်မီ သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံ၌ တပ်စွဲထားသော တပ်ဖွဲ့ဝင်အရေအတွက်ကို ၁၄၀၀၀ မှ ၈၆၀၀ ထိ လျှော့ချနိုင်ကြောင်းလည်း ၎င်းက ပြောသည်။ အက်စပါ၏ မှတ်ချက်စကားများမှာ အာဖဂန်နစ္စတန်နိုင်ငံမှ တပ်ဖွဲ့များ ရုပ်သိမ်းရန် တာလီဘန်အဖွဲ့က အမေရိကန်နိုင်ငံထံ တောင်းဆိုထားမှုနှင့် ဆန့်ကျင်နေသည်။ တာလီဘန်အဖွဲ့နှင့် မူကြမ်းသဘောတူညီချက်တစ်ခုရရှိခဲ့ကြောင်း အမေရိကန်နိုင်ငံက စက်တင်ဘာလအတွင်း ကြေညာခဲ့သည်။

သို့သော်လည်း တာလီဘန်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကြောင့် အမေရိကန်စစ်သည်တစ်ဦး သေဆုံးပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ရုပ်ဆိုင်းခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ကနေဒါလူမျိုးများ အထွေထွေရွေးကောက်ပွဲတွင် မဲပေး



**ဗန်ကူးဘား အောက်တိုဘာ ၂၁**

ကနေဒါလူမျိုးများသည် တနင်္လာနေ့တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် မဲပေးခဲ့ကြသည်။ လက်ရှိအချိန်တွင် ပြုလုပ်သော ခန့်မှန်းချက်များအရ ဝန်ကြီးချုပ် ဂျက်စတင်းထရူဒိုး၏ လက်ဘရယ်ပါတီအနေဖြင့် မဲဆန္ဒနေရာအများစုကို ရှုံးနိမ့်နိုင်ပြီး တာဝန်မှရပ်နားသွားဖွယ်ရှိသည်။ မဲရုံများကို လက်ဘရာဒါ၊ နယူးဖောင်လန်းနှင့် ကနေဒါအရှေ့ပိုင်းပြည်နယ်များတွင် ဂရင်းနစ်စံတော်ချိန် ၁၁ နာရီတွင် ဖွင့်လှစ်ခဲ့သည်။ ကိုယ်စားလှယ်လောင်း ၃၃၈ နေရာ ရွေးချယ်ရန်ရှိသော ပါလီမန်အတွက် မဲဆန္ဒပေးရန် အရည်အချင်းပြည့်မီသည့် မဲဆန္ဒရှင်ပေါင်း ၂၇ ဒသမ ၄ သန်းရှိသည်။ ယခုရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို လွန်ခဲ့သော ရက် ၄၀ ခန့်ကပင်ပြုလုပ်ခဲ့ပြီး မျှတသောအသွင်ကို ဆောင်နေကြောင်း တွေ့ရသည်။ ဗြိတိန်ကိုလံဘီယာတွင် ပြုလုပ်သော နောက်ဆုံးမဲဆွယ်မှုတွင် ထရူဒိုးက မဲဆန္ဒရှင်များအား မိမိ၏ ပထမသက်တမ်းအတွင်းရရှိခဲ့သည့် အောင်မြင်မှုများအပေါ်တွင် ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် ပန်ကြားခဲ့သည်။

ကွန်ဆာဗေးတစ်ကိုယ်စားလှယ်ရှီးရား၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာဗွန်ဆိုင်ရာ အခွန်ကောက်ခံမည့် အစီအစဉ်အပေါ်တွင်လည်း ထရူဒိုးက သတိပေးထားသည်။ ကျွန်တော်တို့အနေနဲ့ ကနေဒါလူမျိုးတွေအတွက် စွမ်းအားပြည့်ဝပြီး ညီညွတ်စေကာ နိုင်ငံတိုးတက်ပြီး ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်နိုင်တဲ့ နိုင်ငံတိုးတက်ဖို့ဆောင်ရွက်မည့် အစိုးရကို အလိုရှိကြောင်း ထရူဒိုးက ဗန်ကူးဘားတွင် ပြုလုပ်သော စုဝေးပွဲတွင် ပြည်သူများကို ပြောကြားခဲ့သည်။ ကျွန်တော်တို့နိုင်ငံသားတွေအနေနဲ့ ညီညွတ်ရန် လိုအပ်ပါတယ်လို့ ၎င်းက ပြောကြားခဲ့သည်။ ထရူဒိုးအနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရပြီးနောက် အဂတိလိုက်စားမှုတွင် ကိုင်တွယ်ဆောင်ရွက်မှု လိုအပ်ချက်ကြောင့် ၎င်း၏ ပုံရိပ်ကျဆင်းခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# ဒုတိယကမ္ဘာစစ်အတွင်း နစ်မြုပ်ခဲ့သည့် ဂျပန်လေယာဉ်တင်သင်္ဘော ပစိဖိတ်သမုဒ္ဒရာကြမ်းပြင်တစ်နေရာ၌ ရှာဖွေတွေ့ရှိ

**တိုကျို အောက်တိုဘာ ၂၁**

ဒုတိယကမ္ဘာစစ်ကာလအတွင်း၌ နစ်မြုပ်သွားခဲ့သည့် ဂျပန်ရေတပ်မှ လေယာဉ်တင်သင်္ဘောတစ်စင်းကို အမေရိကန်သုတေသီအဖွဲ့တစ်ဖွဲ့မှ ရှာဖွေမှုများ ပြုလုပ်နေစဉ်အတွင်း ပစိဖိတ်သမုဒ္ဒရာ ကြမ်းပြင်တစ်နေရာတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၁၉၄၂ ခုနှစ်အတွင်း အမေရိကန်နှင့် ဂျပန်တပ်ဖွဲ့များ ရေကြောင်းတိုက်ပွဲဖြစ်ပွားခဲ့သည့် မဒ်ဝေးရေကြောင်းတိုက်ပွဲဖြစ်ပွားရာ ဒေသအနီး ရေမျက်နှာပြင်အောက် အနက် မီတာ ၅၀၀၀ ကျော်ရှိ သမုဒ္ဒရာကြမ်းပြင်တွင် ဂျပန်ရေတပ်မှ နစ်မြုပ်သွားခဲ့သည့် လေယာဉ်တင်သင်္ဘော အကာဂီကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ယင်းရှာဖွေရေးလုပ်ငန်းကို လုပ်ဆောင်နေသည့် အမေရိကန်သုတေသီအဖွဲ့က အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းအဖွဲ့မှ ဆိုနာကိရိယာ တပ်ဆင်ထားသည့် သုတေသနရေယာဉ်က ရိုက်ယူရရှိခဲ့သော ဓာတ်ပုံများတွင် သမုဒ္ဒရာကြမ်းပြင်ပေါ်တွင် တည်ရှိနေသည့် အလျားမီတာ ၂၆၀ နှင့် အနံ မီတာ ၃၀ ရှိ လေယာဉ်တင်သင်္ဘောကို မြင်တွေ့ရသည်။

၁၉၄၁ ခုနှစ်တွင် ဂျပန်ရေတပ်မှ ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ခဲ့သည့် စစ်ဆင်ရေးတွင် လေယာဉ်တင်သင်္ဘော အကာဂီ ပါဝင်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် အမေရိကန်ရေတပ်နှင့် တိုက်ခိုက်ခဲ့သည့် မဒ်ဝေးကျွန်းရေကြောင်းတိုက်ပွဲတွင် ဂျပန်ဘုရင့်ရေတပ်မတော်မှ လေယာဉ်တင်သင်္ဘောလေးစင်း ဆုံးရှုံးခဲ့ပြီး ယင်းမဒ်ဝေးရေကြောင်းတိုက်ပွဲသည် ဒုတိယကမ္ဘာစစ်အား အဆုံးအဖြတ်ပေးသော အလှည့်အပြောင်းတစ်ခုဟု ဆိုနိုင်သည်။

မဒ်ဝေးရေကြောင်းတိုက်ပွဲ၌ နစ်မြုပ်ခဲ့သည့် ဂျပန်ဘုရင့်ရေတပ်မတော်မှ လေယာဉ်တင်သင်္ဘောလေးစင်းတွင် တစ်စင်းအဖြစ်ပါဝင်သည့် ကာဂါအမည်ရှိ လေယာဉ်တင်သင်္ဘောကို မကြာသေးမီကပင် မဒ်ဝေးရေကြောင်း တိုက်ပွဲဖြစ်ပွားရာ ဒေသအနီး၌ပင် ယင်းအမေရိကန်သုတေသီအဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**



# သီရိလင်္ကာနိုင်ငံတွင် သွေးလွန်တုပ်ကွေး ရောဂါကြောင့် သေဆုံးသူ ၇၄ ဦးရှိ

**ကိုလံဘို အောက်တိုဘာ ၂၁**

ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်အထိ သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် လူပေါင်း ၅၅၀၀၀ မှာ သွေးလွန်တုပ်ကွေးရောဂါ ခံစားနေရပြီး ၇၄ ဦး သေဆုံးခဲ့ကြောင်း ကူးစက်ရောဂါကာကွယ်ရေးဌာန၏ ပြောကြားချက်ကို အစိုးရသတင်းအချက်အလက်ဌာနက အောက်တိုဘာ ၂၁ ရက်တွင် ကိုးကားဖော်ပြထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

အောက်တိုဘာ ၁၈ ရက်တိုင်အောင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၅၈၉၄ ဦး ရှိခဲ့ကြောင်း ယင်းမှာ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အမြင့်ဆုံးအခြေအနေဖြစ်ကြောင်း၊ ကိုလံဘိုခရိုင်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၈၅၄ ဦး၊ ကိုလံဘိုဆင်ခြေဖုံးဒေသဖြစ်သည့် ဂမ်ပါဟာတွင် ၈၉၇၆ ဦး၊ အခြားသော ကိုလံဘိုဆင်ခြေဖုံးဒေသဖြစ်သည့် ကာလူတာရာတွင် ၅၄၅၆ ဦး ရှိခဲ့ကြောင်း သိရသည်။

သီရိလင်္ကာတောင်ပိုင်းရှိ ရက်နာပူရနှင့် ကာလူတာရာ၊ ဂယ်လီ၊ ဂမ်ပါဟာ၊ ကိုလံဘိုတို့ကို သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အမြင့်ဆုံးခရိုင် ငါးခုအဖြစ် သတ်မှတ်ထားသည်။ ပြီးခဲ့သည့်နှစ်က သွေးလွန်တုပ်ကွေးရောဂါကြောင့် စုစုပေါင်း သေဆုံးသူ ၅၈ ဦးရှိခဲ့ခြင်းကြောင့် ယခုနှစ်လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။

အပြင်းဖျားခြင်း၊ ထိန်းချုပ်၍ မရအောင် အန်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ မူးနောက်ခြင်းနှင့် ဆီးသွားနည်းခြင်းတို့ ဖြစ်ပွားပါက ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုချက်ချင်းခံယူရန် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက တောင်းဆိုထားသည်။ သွေးလွန်တုပ်ကွေးရောဂါခံစားနေရသည့် ဝေဒနာရှင်များသည် အနားယူရန် လိုအပ်ကြောင်းနှင့် အလုပ်နှင့်ကျောင်းတို့ကို သွားရောက်ခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း ကူးစက်ရောဂါကာကွယ်ရေးဌာနက ပြောကြားထားသည်။

**ကိုးကား-ဆင်ဟွာ၊**
**ဘာသာပြန်-အလင်းသစ်**

# တူရကီတပ်ဖွဲ့များ ဝိုင်းရံထားသည့် မြို့အတွင်းမှ ကာ့ဒ်တိုက်ခိုက်ရေးသမားများ ဆုတ်ခွာ

**အန်ကာရာ အောက်တိုဘာ ၂၁**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ တူရကီတပ်ဖွဲ့များ ဝိုင်းရံထားသည့် မြို့တစ်မြို့အတွင်းမှ ကာ့ဒ်များဦးဆောင်သည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့(အက်စ်ဒီအက်ဖ်)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၀ ရက်တွင် အပြည့်အဝဆုတ်ခွာသွားကြကြောင်း၊ ယင်းသို့ ဆုတ်ခွာသွားခြင်းမှာ တူရကီတပ်ဖွဲ့များ ရရှိထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအရ ကျယ်ပြန့်သော ဆုတ်ခွာရေးအစီအစဉ် စတင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

စစ်ဘေးနွံနစ်နေသည့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ ၎င်း၏တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ကြေညာခဲ့ပြီးနောက် အောက်တိုဘာ ၉ ရက်တွင် တူရကီနိုင်ငံက ဆီးရီးယားနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ကာ ကာ့ဒ်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုစတင်ပြုလုပ်ခဲ့သည်။

တူရကီနိုင်ငံက ၎င်းနိုင်ငံ နယ်နိမိတ်၏ တောင်ဘက်ပိုင်း ဆီးရီးယားနိုင်ငံနှင့် ထိစပ်နေသည့် ရှေ့တန်းနေရာတစ်လျှောက်၌ ကြားခံနယ်မြေထူထောင်ရန် ဆန္ဒရှိနေပြီး ယင်းဒေသအတွင်းမှ ကာ့ဒ်တပ်ဖွဲ့များ လုံးဝဆုတ်ခွာရေးအတွက် အမေရိကန်၏ ကြားဝင်စေ့စပ်ပေးမှုအရ တူရကီက အောက်တိုဘာ ၁၇ ရက်တွင် အပစ်အခတ်ရပ်စဲမှု နာရီ ၁၂၀ (ငါးရက်) အပါအဝင် ပြုလုပ်မည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကြေညာချက်အရ အဆိုပါဒေသတွင်းရှိ ကာ့ဒ်တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် ယင်းဒေသမှ အပြီးဆုတ်ခွာရမည်ဖြစ်သည်။

ယင်းသဘောစာချုပ်အရ ကာ့ဒ်များဦးဆောင်သည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းနယ်စပ်ဇုန်မှ ဆီးရီးယားနိုင်ငံအတွင်းပိုင်းသို့ ၃၂ ကီလိုမီတာ (မိုင် ၂၀ ခန့်)အထိ ဆုတ်ခွာပေးရမည်ဖြစ်ပြီး ယင်းနယ်နိမိတ်၏ အလျားပမာဏကိုမူ ရှင်းလင်းစွာ မသိရသေးပေ။

ကာ့ဒ်တပ်ဖွဲ့များအနေဖြင့် အာရပ်အများစုနေထိုင်သည့် နယ်မြေဒေသနှင့် ထိစပ်နေသည့် တယ်လ်အရပ်မှ အယ်လ်အင်အထိ အလျားကီလိုမီတာ ၁၂၀ (မိုင် ၇၀)ခန့်အထိ ဆုတ်ခွာရန် သဘောတူညီထားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ၎င်းတို့၏ တပ်ဖွဲ့ဝင်များအား နယ်စပ်ဒေသမြို့မှ အပြည့်အဝ ရွှေ့ပြောင်းပေးပြီးဖြစ်ကြောင်း အက်စ်ဒီအက်ဖ်အဖွဲ့ ခေါင်းဆောင်က ပြောကြားပြီးနောက်တွင် တူရကီကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါမြို့မှ ကာ့ဒ်တပ်ဖွဲ့များ ဆုတ်ခွာသွားပြီဟု အတည်ပြုပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**

# ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဂျပန်ရောက်ကမ္ဘာ့ခေါင်းဆောင်များနှင့် တွေ့ဆုံ



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် မော်လဒိုက် သမ္မတ အီဘရာဟင် မိုဟာမက် ဆိုလိ။

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အင်္ဂါနေ့တွင် ကျင်းပမည့် ဂျပန်ဧကရာဇ် နာရူဟီတို၏ နန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ကမ္ဘာ့ခေါင်းဆောင်များနှင့် အစည်းအဝေးများ စတင်ကျင်းပခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နီပေါနိုင်ငံသမ္မတ ဘီဒီယာ ဒေဗီ ဘန်ဒါရီ၊ မော်လဒိုက်သမ္မတ အီဘရာဟင် မိုဟာမက် ဆိုလိ အပါအဝင် အခြားခေါင်းဆောင်များနှင့် တနင်္လာနေ့ နံနက်က သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် နေရပ်စွန့်ခွာသူများ နေရပ်ပြန်လာရေးအတွက် အကူအညီပေးမည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်ဟု ယုံကြည်ရသည်။

နိုင်ငံပေါင်း ၁၇၀ ကျော်မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ဂျပန်ဧကရာဇ်၏ နန်းတက်ပွဲကို တက်ရောက်ကြမည်ဖြစ်သည်။ အာဘေးသည် ဂျပန်သို့ရောက်ရှိနေသည့် ဧည့်သည်များနှင့် သောကြာနေ့အထိ သီးခြားစီတွေ့ဆုံရန်စီစဉ်ထားသည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကြာသပတေးနေ့တွင် တောင်ကိုရီးယားဝန်ကြီးချုပ် လီနတ်ယွန်နှင့် တွေ့ဆုံရန်စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**

**ဘာသာပြန်– အောင်ဇော်လင်း**

# JICA က မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ အထည်ချုပ်စက်မှုဇုန်သစ် တည်ထောင်ရန် စီစဉ်

**မန္တလေး အောက်တိုဘာ ၂၁**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency–JICA)နှင့် ဖက်စပ်စီမံကိန်းတစ်ခုအဖြစ် မြန်မာနိုင်ငံရှိ မန္တလေးတိုင်းဒေသကြီး၌ အထည်အလိပ်နှင့် အထည်ချုပ်စက်မှုဇုန် တစ်ခုတည်ထောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဥရောပသမဂ္ဂက ကမကထပြုလုပ်သော စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ တစ်ခု၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် SMART Myanmar မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အထည်အလိပ်စက်မှုဇုန် တည်ထောင်ရေးဆွေးနွေးမှုများမှာ ကနဦးအဆင့်သာ ရှိသေးသော်လည်း တည်ထောင်ပြီးပါက ဒေသခံပြည်သူ ၅၀၀၀ ခန့်ကို အလုပ် အကိုင် ဖန်တီးပေးမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးမှာ အစဉ်အလာအားဖြင့် မြန်မာနိုင်ငံ၏ အထည်အလိပ်ထုတ်လုပ်မှု အချက်အချာနေရာဖြစ်ကြောင်း ပြောကြားသည်။

အထည်ချုပ်၊ အထည်အလိပ်နှင့် ဖိနပ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများက မန္တလေးတိုင်းဒေသကြီး အထူးသဖြင့် မန္တလေးမြို့တော်နှင့် အနီးအနားရှိ ကျောက်ဆည်၊ မိတ္ထီလာမြို့တို့၌ စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံနေပြီး ပြီးခဲ့သော ငါးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်း အထည်အလိပ်လုပ်ငန်းနှင့် သက်ဆိုင်သည့် အလုပ်အကိုင်နေရာ ၂၀၀၀၀ နီးပါး ဖန်တီးပေးခဲ့ကြောင်းပြောသည်။ မြန်မာနိုင်ငံမှာ ကမ္ဘာပေါ်တွင် အထည်ချုပ်လုပ်ငန်း အမြန်ဆန်ဆုံး တိုးတက်နေသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အထည်ချုပ်လုပ်ငန်းမှ ပြည်ပဝင်ငွေရရှိမှုမှာ ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံရှိရာ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆ ဘီလီယံထိ တိုးတက်လာခဲ့သည်။

ဥရောပသမဂ္ဂမှာ မြန်မာအထည်ချုပ်လုပ်ငန်းအတွက် အကြီးမားဆုံး ဈေးကွက်ဖြစ်ပြီး နှစ်အလိုက်တိုးတက်မှုမှာ ၂၁ ဒသမ ၇ ရာခိုင်နှုန်းရှိကာ ဥရောပသမဂ္ဂသို့ တင်ပို့မှုပမာဏမှာ ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆ ဘီလီယံမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၂ ဘီလီယံထိ ရှိလာခဲ့သည်။ မြန်မာနိုင်ငံထုတ် အသင့်ချုပ်အထည်အလိပ်တင်ပို့မှု၏ ထက်ဝက်ကျော်မှာ ဥရောပသမဂ္ဂသို့ တင်ပို့ခြင်းဖြစ်သည်။

**ကိုးကား–just-style.com**

**ဘာသာပြန် – ကျော်ထိုက်စိုး**

# တူရကီ၏ ထိုးစစ်ဆင်မှုက အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ဟု ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး ပြော



**ဘာလင် အောက်တိုဘာ ၂၁**

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ တူရကီနိုင်ငံ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုက အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟီကိုမက်စ်က ပြောကြားလိုက်သည်။

"ကာ့ဒ်တပ်ဖွဲ့ ဒါမှမဟုတ် ကာ့ဒ် ပြည်သူ့စစ်အပေါ် တိုက်ခိုက်မှုတစ်ရပ် လုပ်ဆောင်ခြင်းက အပြည်ပြည်ဆိုင်ရာ ဥပဒေအရ တရားဝင်တယ်ဆိုတာ ကျွန်တော် မယုံကြည်ပါဘူး" ဟု ဟီကိုက ဂျာမနီရုပ်သံလွှင့်ဌာန ZDF သို့ ပြောကြားခဲ့သည်။ နိုင်ငံတကာ၏ ဝေဖန်မှုကြောင့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ တပ်ဖွဲ့များ ရုပ်သိမ်း ရန် အမေရိကန်နိုင်ငံက ကြေညာပြီးနောက် တူရကီနိုင်ငံက အောက်တိုဘာ ၉ ရက်တွင် နယ်စပ် ဖြတ်ကျော် တိုက်ခိုက်မှုတစ်ရပ် လုပ်ဆောင်ခဲ့သည်။ နယ်စပ်ဒေသများ ဘေးကင်းလုံခြုံမှုရှိစေရန် လိုအပ်သောကြောင့် ထိုးစစ်ဆင်မှုကို လုပ်ဆောင်ခဲ့ခြင်းဟု နေတိုးအဖွဲ့ဝင် တူရကီနိုင်ငံက ရှင်းချက်ထုတ်ခဲ့သည်။ အမေရိကန်နိုင်ငံက အကျိုးဆောင်သော အပစ်အခတ်ရပ်စဲရေးတစ်ရပ်ကို အောက်တို ဘာလ ၁၇ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်အရ ကာ့ဒ်တပ်ဖွဲ့များ အနေဖြင့် တောင်ပိုင်း နယ်စပ်တစ်လျှောက် ဆီးရီးယား ပိုင်နက်အတွင်း တူရကီနိုင်ငံက တည်ထောင်လိုသည့် ကြားခံဇုန်တစ်ခုမှ ငါးရက်ကြာ ဆုတ်ခွာရမည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရကာ့ဒ်ဦးဆောင်သော ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့များသည် ယမန်နေ့က ဆီးရီးယား နိုင်ငံမြောက်ပိုင်းရှိ တူရကီတပ်ဖွဲ့များ ဝန်းရံထားသော မြို့တစ်မြို့မှ အပြည့်အဝ ရုပ်သိမ်းခဲ့သည်။

အပစ်အခတ်ရပ်စဲရေးမှာ ငါးရက်ထိ ပို၍တာရှည်ခံပြီး တူရကီ၏ ထိုးစစ်ဆင်မှု ရပ်တန့်ရန် တတ်နိုင်သမျှ ကြိုးပမ်းမည်ဟု ဟီကိုကပြောသည်။ ဆီးရီးယား ထိုးစစ်ကြောင့် အခြားသော ဥရောပတိုင်းပြည်များကဲ့သို့ ဂျာမနီနိုင်ငံက တူရကီနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ တင်ပို့မှု ရပ်ဆိုင်းခဲ့သည်။

အောက်တိုဘာ ၉ ရက် နောက်ပိုင်း တူရကီတို့၏ တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၁၄ ဦး သေဆုံးခဲ့ပြီး ၃၀၀၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရကြောင်း လူ့အခွင့်အရေးဆိုင်ရာ ဆီး ရီးယား စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။ ယင်းကာလအတွင်း ကာ့ဒ်တပ်ဖွဲ့ဝင် ၂၅၀ ကျော်နှင့် တူရကီလိုလားသည့် တိုက်ခိုက်ရေးသမား ၁၉၀ ခန့်လည်း ကျဆုံးခဲ့သည်။

**ကိုးကား–ဝီတီအိုင်**

**ဘာသာပြန် – ကျော်ထိုက်စိုး**

# အကြမ်းဖက်သမားများအပေါ် အမေရိကန်၏ ရပ်တည်ပေးမှုနှင့်စပ်လျဉ်း၍ တူရကီ ပြစ်တင်စွပ်စွဲ

**အစ္စတန်ဘူလ် အောက်တိုဘာ ၂၁**



အနောက်နိုင်ငံများသည် ဆီးရီးယားနိုင်ငံအတွင်းအခြေချသည့် ကာ့ဒ်စစ်သွေးကြွအုပ်စုအပေါ် တူရကီတပ်ဖွဲ့၏ ထိုးစစ်ဆင်မှုကိုထောက်ခံအားပေးခြင်းမရှိဘဲ ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွများကို ရပ်တည်ပေးလျက်ရှိကြောင်း တူရကီသမ္မတအာဒိုဂန်က ယနေ့ ပြစ်တင်စွပ်စွဲလိုက်သည်။

"ဆီးရီးယားနိုင်ငံအရှေ့မြောက်ဘက်မှာအခြေချတဲ့ ကာ့ဒ်စစ်သွေးကြွအုပ်စုတွေအပေါ် တူရကီတပ်ဖွဲ့ရဲ့ ထိုးစစ်ဆင်မှုနဲ့ပတ်သက်လို့ အနောက်နိုင်ငံတစ်ခုလုံးက အကြမ်းဖက်သမားတွေကိုရပ်တည်ပေးနေပြီးတော့ နေတိုးအဖွဲ့ဝင် နိုင်ငံတွေနဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက ကျွန်တော်တို့အား ဆန့်ကျင်ကန့်ကွက်နေတာတွေကို ခင်ဗျားတို့အားလုံး မှတ်မိသလား" ဟု အာဒိုဂန်က အစ္စတန်ဘူလ်မြို့တွင် မေးခွန်းထုတ်ပြောကြားသည်။

"ခင်ဗျားတို့ ဘယ်အချိန်ကတည်းက အကြမ်းဖက်သမားတွေဘက်ကို စတင်ပူးပေါင်းပါဝင်ခဲ့သလဲဆိုတာကို ကျွန်တော်တို့ မသိရသလို ဆီးရီးယားနိုင်ငံအတွင်းရှိ ကာ့ဒ်စစ်သွေးကြွအဖွဲ့အနေနဲ့လည်း ဘယ်အချိန်က နေတိုးအဖွဲ့ဝင်နိုင်ငံတွေနဲ့ ပူးပေါင်းပါဝင်ခဲ့သလဲဆိုတာလည်းပဲ ကျွန်တော်တို့ မသိခဲ့ရပါဘူး"ဟု အာဒိုဂန်က ထုတ်ပြောကြားခဲ့သည်။

တူရကီအစိုးရသည် ဆီးရီးယားနိုင်ငံအခြေစိုက် ကာ့ဒ်စစ်သွေးကြွအုပ်စုကို ၁၉၈၉ ခုနှစ်ကတည်းက တူရကီနိုင်ငံအတွင်း စစ်ပွဲဆင်နွှဲလျက်ရှိသည့် ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ) စစ်သွေးကြွအုပ်စုနှင့် ဆက်စပ်မှုရှိသည့် အကြမ်းဖက်အုပ်စုတစ်စုအဖြစ် သတ်မှတ်လိုက်သည်။

စင်စစ်အားဖြင့် ပီကေကေစစ်သွေးကြွအုပ်စုသည် တူရကီအစိုးရ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နာမည်ပျက်စာရင်းထဲ ထည့်သွင်းထားသည့် စစ်သွေးကြွအဖွဲ့တစ်ဖွဲ့ဖြစ်သည်။

အိုင်အက်စ်စစ်သွေးကြွအုပ်စုအပေါ် ထိုးစစ်ဆင်တိုက်ခိုက်မှု၌ အဓိကအခန်းကဏ္ဍ၌ ပါဝင်သည့် ကာ့ဒ်စစ်သွေးကြွ အုပ်စုအပေါ် တူရကီတပ်ဖွဲ့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုနှင့်ပတ်သက်၍ နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုများ ထွက်ပေါ်လာပြီး တချို့သောနေတိုးအဖွဲ့ဝင်နိုင်ငံများသည် တူရကီနိုင်ငံသို့ စစ်လက်နက်တင်ပို့ရောင်းချမှု အစီအစဉ်ကိုပါ ဖျက်သိမ်းရမည့်အနေအထားသို့ ရောက်ရှိစေခဲ့သည်။

အောက်တိုဘာ ၉ ရက်က စတင်သည့် ဆီးရီးယားနိုင်ငံအခြေစိုက် ကာ့ဒ်စစ်သွေးကြွအုပ်စုအပေါ် တူရကီ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိရကြောင်း နေတိုးအတွင်းရေးမှူးချုပ် ဂျင်းစ်စတိုလ်တင်ဘာ့ခ်က ထပ်တလဲလဲပြောကြားခဲ့သည်။

တူရကီအစိုးရသည် အမေရိကန်ဒုတိယသမ္မတ မိုက်ခ်ပန့်စ်နှင့် သဘောတူချက်အရ ဆီးရီးယားနိုင်ငံမြောက်ဘက်တွင် အခြေချသည့် ကာ့ဒ်စစ်သွေးကြွ အုပ်စုအပေါ် ထိုးစစ်ဆင်တိုက်ခိုက်မှုကို နာရီပေါင်း ၁၂၀ ခန့် ရပ်တန့်ရန် ကြေညာ ခဲ့သည်။ အဆိုပါ သဘောတူချက်တွင် တူရကီနှင့် ဆီးရီးယားနယ်စပ်ဒေသ တစ်လျှောက်တွင် ကြားနေဇုန်တစ်ခုတည်ထောင်ရေးအတွက် နယ်စပ်ဒေသများမှ ကာ့ဒ်စစ်သွေးကြွများကို ရုပ်သိမ်းရန်ပါရှိကြောင်း သိရသည်။

တူရကီသမ္မတ အာဒိုဂန်သည် ဆီးရီးယားနိုင်ငံအတွင်းရှိ ကာ့ဒ်စစ်သွေးကြွအုပ်စုအပေါ် တူရကီတပ်ဖွဲ့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုနှင့် ပတ်သက်၍ အောက်တိုဘာ ၂၂ ရက်တွင် ရုရှားနိုင်ငံဆိုချီဆိပ်ကမ်းမြို့တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ**

**ဘာသာပြန် – ဂျေတီ**

# ပွင့်လင်းရာသီ မီးဘေးအတွက် မီးသတ်စခန်းနှင့် တပ်ဖွဲ့အင်အား တိုးမြှင့်ဆောင်ရွက်ထား

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၁၉ ခုနှစ် ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်း မီးသတ်စခန်းပေါင်း ၇၀၀ ကျော်နှင့် တပ်ဖွဲ့ဝင်အင်အား ၂၄၀၀၀ ကျော်အထိ တိုးချဲ့ဖွဲ့စည်းထားနိုင်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်) မှသိရသည်။

" နိုင်ငံတစ်ဝန်း အကြောင်းအမျိုးမျိုးကြောင့် ဘေးအန္တရာယ်ကျရောက်မှုဖြစ်စဉ်တွေမှာ ထိထိရောက်ရောက် လျင်လျင်မြန်မြန်နဲ့ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ စခန်းအလိုက်ဖွဲ့စည်းပုံတွေကို တိုးချဲ့ဆောင်ရွက်နေပါတယ်။ အခုလာမယ့် ပွင့်လင်းရာသီအတွက် မီးဘေးကြိုတင်ကာကွယ်ရေးမှာ အင်ပြည့်အားပြည့်တုံ့ပြန်နိုင်ဖို့ကို မီးသတ်စခန်းတွေ တိုးချဲ့ဖွင့်လှစ်ထားပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် အင်အားတွေကိုလည်း ဖွဲ့စည်းပုံအရ စနစ်တကျတိုးချဲ့ထားပါတယ်"ဟု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်) ညွှန်ကြားရေးမှူး(ဦးစီး) ဦးသိန်းထွန်းဦးက ပြောသည်။

ယခင်က နိုင်ငံတစ်ဝန်း မီးသတ်စခန်းပေါင်း ၃၄၉ ခုရှိခဲ့ရာ ယခုလက်ရှိတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ၁၅ ရုံး၊ ခရိုင်မီးသတ်ဦးစီးမှူးရုံး ၇၄ ရုံး၊ ခရိုင်မီးသတ်စခန်း ၇၄ စခန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၃၃၀ ရုံး၌ နယ်မြေမီးသတ်စခန်း ၇၀၃ ခုနှင့် ဖွဲ့စည်းပုံအရ တပ်ဖွဲ့ဝင်ခွင့်ပြုအင်အား ၂၄၆၅၉ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ကြောင်းလည်း သိရသည်။

ထိုသို့ တိုးချဲ့ဖွဲ့စည်းနိုင်ခြင်းကြောင့် မီးသတ်စခန်းများတွင် ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် မီးငြိမ်းသတ်ရေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် တားဆီးကာကွယ်ရေးအဖွဲ့များကို စနစ်တကျ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)မှ သိရသည်။

ပွင့်သစ္စာ

# ကျောက်ပန်းတောင်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီခွဲက သတင်းပေးပို့ချက်အရ စောင့်ဆိုင်းရှာဖွေစစ်ဆေးရာမှ ကျောက်ပန်းတောင်း မြို့အဝင် ကန်သာယာကျေးရွာအနီး ညောင်ဦး-ကျောက်ပန်းတောင်းသွားကားလမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့ မြို့မရဲစခန်းမှ ဒုရဲအုပ် မင်းသက်မွန်(ယာယီ နယ်ထိန်းခေါင်းဆောင်)သည် မူးယစ်ဆေးဝါးသတင်းအရ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ် ကံသာယာကျေးရွာအနီး ညောင်ဦး-ကျောက်ပန်းတောင်းသွားကားလမ်းတွင် စောင့်ဆိုင်းနေစဉ် ညောင်ဦးမှ ကျောက်ပန်းတောင်းသို့ ထွန်းဇော်ဦး သာယာအေးရပ်ကွက် နယ်မြေ (၁၀)တွင်နေထိုင်သူ မောင်းနှင်လာသော ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ (အလေးချိန် ၁၅ ဂရမ်ခန့်)နှင့် ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဂက်စ်မီးခြစ် ရောင်စုံသုံးလုံး၊ လက်ကိုင်ဖုန်းတစ်လုံး၊ မြန်မာငွေကျပ် ၆၀၀၀၀ နှင့် ၎င်းစီးနင်းလာသည့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိသဖြင့် ထွန်းဇော်ဦးအား မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၀၅၄

# ပေါင်မြို့တွင် နေအိမ်ခြောက်လုံး မီးလောင်ကျွမ်းမှု ဖြစ်ပွား



ပေါင် အောက်တိုဘာ ၂၁

မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက်ရှိ ဆယ်အိမ်စုအကွက်(၁၂)တွင် အောက်တိုဘာ ၂၀ ရက် ည ၁၁ နာရီကျော်ခန့်က ရှစ်တန်းကျောင်းသူတစ်ဦး ဖယောင်းတိုင်မီးဖြင့် စာကျက်နေစဉ် အိပ်ငိုက်သွားရာမှတစ်ဆင့် နေအိမ်ခြောက်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် နေအိမ်ခြောက်လုံး၊ ဆိတ်ခုနစ်ကောင် မီးလောင်ကျွမ်းခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။နေအိမ်မီးလောင်ကျွမ်းခဲ့သည့် မိသားစုဝင်များကို ယင်းတို့၏ နီးစပ်ရာ ဆွေမျိုးများအိမ်သို့ နေရာချပေးထားကြောင်း ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ပြောသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး ဥပဒေအရအရေးယူနိုင်ရန်အတွက် တာဝန်ရှိသူများက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုဟိန်း(ပေါင်)

# မိုင်းယောင်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မိုင်းယောင်း အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်အရှေ့ပိုင်း မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်သုမောင်နှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ မိုင်းယောင်းမြို့နယ် ဝမ်မန်းအုပ်စု တာကော်ဆာကျေးရွာအနီး ငှက်ပျောခြံအတွင်းနေထိုင်သည့် ဦးအားခူတဲအိမ်ကို အောက်တိုဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီခွဲက ဝင်ရောက်စစ်ဆေးရာ နေအိမ်တဲအတွင်း ဦးအားခူနှင့်အတူ ဦးလီဂေါင်းတို့နှစ်ဦးအား တွေ့ရှိရပြီး ဦးအားခူအိပ်သည့် အိပ်ရာခေါင်းရင်း ဝဲဘက်ဘေးမှ ဂျင်းခါးပတ်အိတ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားပါ တစ်ထုပ်၊ ၁၄၅ ပြားပါတစ်ထုပ်၊ အဖုံးပါ ပလတ်စတစ်ကော်ဘူးဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၅၆ ပြားပါတစ်ဘူး၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၀၁ ပြား၊ (အလေးချိန် ၄၀ ဒသမ ၁ ဂရမ်)တို့နှင့်အတူ ရှာဖွေသိမ်းဆည်းရမိခဲ့ သဖြင့် ၎င်းတို့နှစ်ဦးအား မိုင်းယောင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

# ကောလင်းမြို့နယ်နှင့် သာကေတမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၁

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ၂၀ ရက် ညနေ ၅ နာရီခွဲက ကောလင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်း၊ မိုင်တိုင်အမှတ် (၁၁၆/၃) အနီးရှိ တောအတွင်းရပ်တန့်ထားသည့်ယာဉ်ကိုတွေ့ရှိ၍ ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ တစ်ချိန်တည်းမှာပင် မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် ရှုခင်းသာလမ်းရှိ ဟိုတယ်အခန်းအမှတ်(၂၀၉)သို့ဝင်ရောက်ရှာဖွေရာ မျိုးပြည့်လျှန်ထွဏ်း၊ ပြည့်စုံဖြိုး၊ ဇွဲပြည့်စုံ၊ ဟိန်းကိုဇင်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၇ ပြား၊ လက်ကိုင်ဖုန်းလေးလုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား





ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ Mila Garden ဖိနပ်စက်ရုံတွင် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက စက်ရုံမှူး Nick Oo၊ စက်ရုံမန်နေဂျာ ဒေါ်ရည်ရည်မွန်နှင့် စက်ရုံဝန်ထမ်း ၁၈၅ ဦးတို့အား လှည်းကူးမြို့ ရဲစခန်းမှ ဒု-ရဲမှူးမောင်မောင်ဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆)မှ ဒု-ရဲအုပ်သက်ထွန်းအောင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၄၀)မှ ရဲတပ်ကြပ်ကြီးမိုးအောင်တို့က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းဆိုင်ရာများ အသိပညာပေးခြင်း၊ လူကုန်ကူးမှုအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့စဉ်။

နိုင်လင်း(လှည်းကူး)

# ကြို့ပင်ကောက်မြို့ ပန်းတင် (၂)လမ်းတွင် မီးလောင်မှုဖြစ်

ကြို့ပင်ကောက် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ပန်းတင်ရပ်ကွက် ပန်းတင်(၂)လမ်းနေ ဦးကြည်လွင်၏ နေအိမ်သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်တွင် အောက်တိုဘာ ၂၁ ရက် နံနက် ၁ နာရီခန့်က မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာရဲလင်းအောင်နှင့် ဦးဝေယံဦး ဦးဆောင်သော တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရပ်ကွက်သူ ရပ်ကွက်သားများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးငြိမ်းသွားသောအချိန်တွင် ဦးကြည်လွင် ပိုင်ဆိုင်သော ရွှေထည်လက်ကောက် ခုနစ်ကွင်း၊ လက်စွပ်ငါးကွင်း၊ ဆွဲကြိုးတစ်ကုံး၊ နားကပ်တစ်ရံနှင့် ဆွဲသီးတစ်လုံးတို့အား ပိုင်ရှင်နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ဝိုင်းဝန်းရှာဖွေ၍ ပြန်လည်အပ်နှံခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာရဲလင်းအောင်က ပြောသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

# ကျွန်းလှမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တွင် တရားမဝင်သစ်လုံးနှင့် သစ်ခွဲသား ၅၅ တန်ကျော် ဖမ်းဆီးရမိ

စစ်ကိုင်း အောက်တိုဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်အစပ် ကျွန်းလှမြို့နယ် ချောင်းစောက်ကျေးရွာအနီး နန့်ဘရန်းချောင်းအနီးနေရာမှ တရားမဝင်သစ်လုံးများ၊ သစ်ခွဲသားများအပြင် သစ်ခွဲစက်တစ်လုံးကိုပါ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၀ ရက်က သစ်တောဦးစီးဌာနရုံးချုပ်မှ လ/ထညွှန်ကြားရေးမှူး ဦးစန်းယုဦးစီးသောအဖွဲ့၊ ကသာခရိုင်သစ်တောဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးစီးသောအဖွဲ့၊ ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးမြင့်လှိုင် ဦးစီးသောပူးပေါင်းအဖွဲ့သည် မူးမြစ်ဝှမ်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် ပူးပေါင်း၍ သတင်းအရ ရှာဖွေ



စစ်ဆေးရာ ကျွန်းလှမြို့နယ် ချောင်းစောက်ကျေးရွာနှင့် လေးမိုင်ခန့်အကွာ နန့်ဘရန်းချောင်းအနီးနေရာမှ တရားမဝင်သစ်စက်တစ်လုံး၊ တရားမဝင် အင်သစ်ခွဲသားများနှင့် အင်သစ်လုံးစုစုပေါင်း ၅၅ ဒသမ ၄၅၇၆ တန် ရှာဖွေသိမ်းဆည်းရမိသဖြင့် ပစ္စည်းပိုင်ရှင်အား စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)

# ဂျပန်ဦးနှောက်ရောင်ရောဂါဆိုသည်မှာ...

**■ ဇော်သစ်ကြည်**

အာရှတိုက်မှာဆိုရင် ဗိုင်းရပ်စ်ပိုးကြောင့် ဦးနှောက်ရောင်ရောဂါဖြစ်ရတဲ့အထဲမှာ ဂျပန်ဦးနှောက်ရောင်ရောဂါက ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ တစ်နှစ်တစ်နှစ်ကို လူနာအယောက် ၅၀၀၀၀ လောက်ရှိနေပါတယ်။ သေနှုန်းကိုကြည့်ပြန်တော့ လူနာရဲ့အသက်နဲ့ လူဦးရေထူထပ်မှုအပေါ်မူတည်ပြီး လူနာ ၁၀၀၀၀ လောက် နှစ်စဉ် သေဆုံးနေရပါတယ်။ ရာခိုင်နှုန်းနဲ့တွက်ချက်ကြည့်ရင် ၂၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ ရှိတတ်ပါတယ်။ မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ စတဲ့နိုင်ငံတွေအပါအဝင် ကမ္ဘာပေါ်မှာ ၂၄ နိုင်ငံဟာ ရောဂါဖြစ်ပွားလျက်ရှိပါတယ်။ အာရှ- ပစိဖိတ်ဒေသတွေမှာ အဓိကတွေ့ရတဲ့ရောဂါတစ်မျိုးလို့ ပြောလို့ရပါတယ်။ ၂၀၁၃ ခုနှစ်တုန်းက မြန်မာနိုင်ငံ ကချင်ပြည်နယ်ကနေ လူနာတွေ ပေါ်ထွက်ခဲ့ဖူးပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းနီးပါးက ဂျပန်ဦးနှောက်ရောင်ရောဂါ အမြစ်စွဲနေတဲ့ဒေသတွေမှာ နေထိုင်နေကြပါတယ်။

ဂျပန်ဦးနှောက်ရောင်ရောဂါက အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး ကူးစက်ဖြစ်ပွားနိုင်ပါတယ်။ တစ်နှစ်ပတ်လုံး ကူးစက်ဖြစ်ပွားနိုင်ပေမယ့် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများဖြစ်တဲ့ မိုးတွင်းကာလမှာ အဖြစ်များပါတယ်။

**သုံးဦးအနက် တစ်ဦးသေဆုံးနိုင်**

လူကို ကူးစက်ခံရပြီဆိုရင် လူ ၂၅၀ ထဲကမှ တစ်ဦးပဲ ဦးနှောက်ရောင်လက္ခဏာပြပြီး ကျန်လူနာတွေကတော့ သာမန်တုပ်ကွေးလက္ခဏာတွေပဲ ပြပါတယ်။ ဦးနှောက်ရောင်လက္ခဏာရှိသူ သုံးဦးအနက် တစ်ဦးကတော့ သေဆုံးနိုင်ပါတယ်။ အသက်မသေဘဲ ပြန်လည်ကောင်းမွန်လာတဲ့ လူနာတွေရဲ့ ၃၀ ရာခိုင်နှုန်းခန့်ကတော့ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုချို့ယွင်းမှုနဲ့ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုတွေ ဖြစ်ပေါ်နိုင်ပါတယ်။

ဂျပန်ဦးနှောက်ရောင်ရောဂါကို ဖြစ်ပေါ်စေတဲ့ ရောဂါပိုးကတော့ Flavivirus အမျိုးအစား ဗိုင်းရပ်စ်ပိုး တစ်မျိုးဖြစ်ပါတယ်။ ရောဂါပိုးကို သယ်ဆောင်ဖြန့်ဖြူးပေးတဲ့ ကောင်ကတော့ ကျူးလက်လို့ခေါ်တဲ့ ရေသိုးရေပုပ်မှာ ပေါက်ပွားတတ်တဲ့ခြင်ပဲ ဖြစ်ပါတယ်။ နာမည်ကြီးတဲ့ ခြင်သုံးမျိုးရှိပါတယ်။ အနောဖလိခြင်က ငှက်ဖျားရောဂါ ဖြစ်စေပါတယ်။ အေးဒိစ်ခြင်ကတော့ သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးဖြစ်စေပါတယ်။ ကျူးလက်ခြင်ကတော့ ဆင်ခြေထောက်၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်စေပါတယ်။ ခြင်ဆိုကတည်းက ပိုးလောက်လမ်းဘဝက ဖြစ်လာတာရယ်၊ ရေမှာ ပေါက်ပွားတာရယ် အတူတူပါပဲ။

**ရှင်းလင်းထားသင့်**

ဒီတော့ ရေမြောင်းတွေကို ရေစီးရေလာကောင်းစေဖို့၊ အသုံးမပြုတဲ့ ရေအိုင်၊ ဗွက်အိုင်တွေကို မြေဖြုပ်ပစ်ဖို့၊ ရေသိုးကန်တွေပြုလုပ်ထားဖို့၊ ရေသိုးကန်တွေထဲကို အင်ဂျင်ဝိုင်အဟောင်းတွေ လောင်းထည့်ထားဖို့၊ အသုံးပြုတဲ့ရေကန်၊ ရေလှောင်ကန်တွေထဲကို လောက်လမ်းစားငါးတွေ မွေးမြူထားဖို့ လိုပါတယ်။ မိမိနေအိမ်ပတ်ဝန်းကျင်မှာ ချုံနွယ်ပိတ်ပေါင်းတွေမရှိအောင် ရှင်းလင်းထားသင့်ပါတယ်။ မိမိနေအိမ်အတွင်းမှာလည်း ခြင်တွေ ခိုအောင်းမနေနိုင်အောင် ပြတင်းပေါက်တွေ ဖွင့်ထား၊ လေဝင်လေထွက်ကောင်းအောင်၊ အလင်းရောင်ကောင်းကောင်း ရအောင် ဆောင်ရွက်ထားသင့်ပါတယ်။

နေအိမ်တွေကို ပိုးလောက်လမ်းလိုက်စစ်ရတဲ့အခါ အများဆုံးတွေ့ရတာကတော့ ဘုရားညောင်ရေအိုး၊ နတ်ပန်းအိုးတွေမှာ ပိုးလောက်လမ်းတွေရှိနေတတ်တာပါပဲ။ ခြင်ကောင်ဖြစ်ဖို့ဆိုရင် ဥဘဝ၊ ပိုးလောက်လမ်းဘဝ၊ ပိုးတုံးလုံးဘဝကို ၁၀ ရက်အတွင်း ဖြတ်ကျော်လာရပါတယ်။ ခြင်ဥတွေရှိတဲ့ ပန်းအိုး၊ ရေအိုးတွေကို ပွတ်တိုက်ဆေးကြောခြင်းမပြုခဲ့ဘူးဆိုရင် နောက်တစ်ကြိမ် ရေလဲ၊ ဘုရားပန်းလဲလိုက်ပြီး တစ်ရက်၊ နှစ်ရက်အကြာမှာ ပိုးလောက်လမ်းတွေ တွေ့ရမှာပါပဲ။ လေးငါးရက်ကြာတဲ့အခါ သက်ကြီးကောင်ဘဝရောက်သွားနိုင်ပါတယ်။ နောက်တစ်ခုက အသုံးမပြုတော့တဲ့ ရေအိုး၊ ရေတင်ကျန်နိုင်တဲ့ အိုးခြမ်းပဲ့လိုပစ္စည်းဟောင်းတွေ၊ ဝက်စာအိုး၊ နွားစာအိုးတွေမှာ တွေ့ရတတ်ပါတယ်။ ဒီလိုပိုးလောက်လမ်းတွေရှိနေတာက ခြင်တွေအတွက် ပေါက်ပွားခွင့်ပေးထားတာပဲဖြစ်ပါတယ်။ ခြင်တွေရှိနေတာဟာ ခြင်ကိုက်ရာကနေ ဖြစ်လာနိုင်တဲ့ရောဂါတွေကို ဖိတ်ခေါ်နေသလိုပါပဲ။

**ထိရောက်မှုပိုရှိ**

ခြင်ကနေတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါတွေကို ကြိုတင်ကာကွယ်နိုင်ဖို့ဆိုရာမှာ ခြင်နှိမ်နင်းရေး၊ ခြင်ကိုက်မခံရရေး၊ ရောဂါဖြစ်သူကို ထိထိရောက်ရောက် ကုသရေးတို့ဟာ အရေးကြီးပါတယ်။ ခြင်နှိမ်နင်းရေးမှာ ပိုးလောက်လမ်းဘဝကို နှိမ်နင်းတာက သက်ကြီးကောင်ခြင်ဘဝကို နှိမ်နင်းတာထက် ထိရောက်မှုပိုရှိပါတယ်။ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းဖြစ်တဲ့ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းကို အပတ်စဉ် ပုံမှန်ဆောင်ရွက်သွားဖို့လိုပါတယ်။ ခြင်ကိုက်မခံရရေးအတွက် လုပ်ဆောင်တဲ့နေရာမှာ နေအိမ်ပြတင်းပေါက်တွေကို ခြင်လုံဆန်ခါတွေ တပ်ဆင်ပေးရသလို နေထိုင်သူတွေကလည်း ခြင်ကိုက်မခံရအောင် နေထိုင်ရပါမယ်။

**လှည့်လည်နေ**

ဂျပန်ဦးနှောက်ရောင်ရောဂါကိုဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးကိုလည်းသိခဲ့ပါပြီ၊ ရောဂါဖြန့်ဖြူးပေးတဲ့ ခြင်ကိုလည်း ပြောပြခဲ့ပါပြီ၊ အခုဆက်လက်ပြီးတော့ သိုလှောင်ပေးတဲ့သူတွေကို ပြောပြပါမယ်။ ဒီဗိုင်းရပ်စ်တွေက ဟောစ်ငှက်၊ ဗျိုင်းစတဲ့ ခြေတံရှည်ငှက်တွေထဲမှာ လှည့်လည်နေပါတယ်။ ဝက်တွေက ပိုးကောင်အရေအတွက်တွေကို ပွားများလာစေပါတယ်။ ဝက်တွေထဲမှာ မျိုးပွားကြပါတယ်၊ အဲဒီဝက်တွေကို ခြင်ကိုက်လိုက်တဲ့အခါ ရောဂါပိုးတွေဟာ ခြင်ထဲရောက်ရှိသွားပါတယ်၊ ဒါပေမယ့် ခြင်တွေကတော့ ရောဂါမဖြစ်ကြပါဘူး။ အဲဒီခြင်တွေက လူကိုကိုက်လိုက်တဲ့အခါမှ လူမှာ ရောဂါဖြစ်လာရပါတယ်။

**ကူးစက်ခံရဖွယ်ရှိ**

မုတ်သုံရာသီအတွင်းနဲ့ မိုးအကုန်ဆောင်းအကူးတွေမှာ ရောဂါပိုးအမြစ်စွဲနေတဲ့ ဒေသတွေက ကလေးငယ်တွေဟာ အိမ်အပြင်မှာ အနေများရင် ရောဂါကူးစက်နိုင်ခြေပိုများပါတယ်။ ဂျပန်ဦးနှောက်ရောင်ရောဂါပိုးကူးစက်မှုရှိနေတဲ့ ကျေးလက်ဒေသတွေကို ခရီးသွား၊ အနေများတဲ့သူတွေဟာ ဒေသခံတွေလိုပဲ ကူးစက်ခံရဖွယ် ရှိပါတယ်။ တစ်ပတ်အတွင်း လူဦးရေတစ်သိန်းမှာ နှစ်ယောက်အထိ ကူးစက်ခံရပါမယ်။

**မိုးတွင်းကာလမှာ ဖြစ်ပွားတတ်**

ဂျပန်ဦးနှောက်ရောင်ရောဂါ အစုလိုက်အပြုံလိုက် ကပ်ရောဂါအနေနဲ့ ဖြစ်ပွားတယ်ဆိုတာ မိုးတွင်းကာလမှာ ဖြစ်ပွားတတ်ပါတယ်။ မိုးရာသီအတွင်း လယ်ယာမြေတွေဟာ ရေပြင်ကြီးလိုဖြစ်နေတော့ ခြင်တွေအတွက် ပေါက်ပွားစရာနေရာတွေ ပေါ်များလာပါတယ်။ ဒါကြောင့် အဲဒီလိုဒေသတွေမှာ မှီတင်းနေထိုင်သူတွေဟာ ခြင်ပိုကိုက်ခံရ၊ ရောဂါပိုကူးစက်ခံရပါတယ်။ တစ်ခါတလေတော့ ကပ်ရောဂါက မြို့ဆင်ခြေဖုံးရပ်ကွက်တွေ၊ ဝက်မွေးမြူတဲ့နေရာတွေ၊ မိုးတွင်းမှာ ရေဝင်၊ ရေအိုင်နေတဲ့ ဒေသတွေမှာလည်း ပေါ်ပေါက်တတ်ပါတယ်။ ရောဂါပိုးသယ်ဆောင်ထားတဲ့ခြင်တွေက လူတွေကို ကိုက်လိုက်၊ တိရစ္ဆာန်တွေကို ကိုက်လိုက်နဲ့ ကပ်ရောဂါတွေ ဖြစ်ပေါ်လာစေပါတယ်။

**ငါးရက်ကနေ ၁၅ ရက်ပဲကြာ**

ရောဂါပျိုးရက်လို့ခေါ်တဲ့ ရောဂါပိုးဝင်ရောက်ချိန်ကနေ ရောဂါလက္ခဏာတွေ စတင်ခံစားရတဲ့အချိန်အထိကြားကာလကတော့ ငါးရက်ကနေ ၁၅ ရက်ပဲ ကြာပါတယ်။ ဒါကြောင့် ရောဂါကူးစက်နိုင်တဲ့ဒေသတွေကို သွားရောက်ပြီး လေး၊ ငါး၊ ဆယ်ရက်လောက်အကြာမှာ အောက်ပါလက္ခဏာတွေခံစားရရင် ဂျပန်ဦးနှောက်ရောင်ရောဂါလားလို့ သံသယရှိသင့်ပါတယ်-

**ရောဂါလက္ခဏာတွေကိုဖော်ပြရမယ်ဆိုရင် ကနဦးလက္ခဏာတွေကတော့-**

(၁) ရုတ်တရက်အဖျားကြီးခြင်း

(၂) ခေါင်းကိုက်ခြင်း

(၃) မောပန်းပြီးနုံးခြင်း

(၄) ပျို့ခြင်း၊ အန်ခြင်း

(၅) ရောဂါဖြစ်ပွားစမှာကလေးတွေဟာ ဗိုက်နာခြင်းကို ထင်ရှားစွာခံစားကြရပါတယ်။

**နောက်ဆက်တွဲလက္ခဏာတွေအနေနဲ့ကတော့-**

(၁) လည်ပင်းတောင့်တင်းခြင်း

(၂) စိတ်ရှုပ်ထွေးခြင်း

(၃) သတိလစ်ခြင်း

(၄) မူးဝေအိပ်ငိုက်ခြင်း

(၅) လှုပ်ရှားမှုမမှန်ခြင်း

(၆) တက်ခြင်း စတာတွေ ဖြစ်နိုင်ပြီး အသက်ဆုံးရှုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။ အသက် ၁၀ နှစ်အောက်ကလေးငယ်တွေမှာ ပြင်းထန်တဲ့ရောဂါဖြစ်ပွားမှုများပြားပြီး သေဆုံးနှုန်းလည်း မြင့်မားပါတယ်။

**ကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးနေပြီ**

ကာကွယ်နိုင်မယ့် နည်းလမ်းတွေကတော့ ကာကွယ်ဆေးထိုးခြင်းဟာတစ်ခုတည်းသောအရေးအပါဆုံးကာကွယ်ရေးနည်းလမ်းပဲ ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ကလေးငယ်တွေကို ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးနေပြီ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှ စတင်ပြီး အသက်ကိုးလအရွယ်ကလေးတိုင်းကို ကာကွယ်ဆေးထိုးပေးနေပါပြီ။ ကာကွယ်ဆေးထိုးသင့်တဲ့သူတွေကတော့ ရောဂါကူးစက်ဖြစ်ပွားလွယ်တဲ့နေရာများသို့ ခရီးသွားမယ့်သူတွေအနေနဲ့ ခရီးမထွက်ခင် တစ်လအလိုကြိုထိုးထားရပါမယ်။ ကာလရှည်ခရီးထွက်သူတွေ၊ မကြာခဏခရီးသွားသူတွေ၊ ကပ်အသွင်ဖြစ်ပွားနေတဲ့ နိုင်ငံတွေကို ခရီးသွားသူတွေ၊ ကျေးရွာကို လည်ပတ်သူတွေဟာ အဓိကထိုးနှံသင့်ပါတယ်။ အသက် ကိုးလအရွယ်မှစပြီး လူကြီး၊ လူငယ်အားလုံး ကာကွယ်ဆေးကြိုတင်ထိုးနှံနိုင်ပါတယ်။

**ခြင်ထောင်နဲ့အိပ်စေသင့်**

နောက်ထပ်အရေးကြီးတဲ့ ကာကွယ်ရေးနည်းလမ်းတစ်ခုကတော့ ရောဂါပိုးသယ်ဆောင်တဲ့ခြင်တွေက ညနေစောင်း နေဝင်ရီတရောမှာ ကိုက်လေ့ရှိတာကြောင့် ကလေးငယ်တွေကို ခြင်ထောင်နဲ့ အိပ်စေသင့်ပါတယ်။ ။

**❖ ဂျပန်ဦးနှောက်ရောင်ရောဂါကို ဖြစ်ပေါ်စေတဲ့ ရောဂါပိုးကတော့ Flavivirus အမျိုးအစား ဗိုင်းရပ်စ်ပိုးတစ်မျိုး ဖြစ်ပါတယ်။ ရောဂါပိုးကို သယ်ဆောင်ဖြန့်ဖြူးပေးတဲ့ကောင်ကတော့ ကျူးလက်လို့ခေါ်တဲ့ ရေသိုးရေပုပ်မှာ ပေါက်ပွားတတ်တဲ့ခြင်ပဲ ဖြစ်ပါတယ်။**

**❖ အနောဖလိခြင်က ငှက်ဖျားရောဂါ ဖြစ်စေပါတယ်။**

**❖ အေးဒိစ်ခြင်ကတော့ သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေး ဖြစ်စေပါတယ်။**

**❖ ကျူးလက်ခြင်ကတော့ ဆင်ခြေထောက်၊ ဂျပန်ဦးနှောက်ရောင် ရောဂါဖြစ်စေပါတယ်။**

# ထောပတ်သီးများ ပြည်ပနိုင်ငံများသို့ စမ်းသပ်တင်ပို့သွားမည်

**မန္တလေး အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက စနစ်တကျ စိုက်ပျိုးထားသည့် ထောပတ်သီးများကို အရည်အသွေးကောင်းမွန်ပြီး လှိုင်လှိုင်ထွက်ရှိချိန် နိုဝင်ဘာလမှစ၍ ပြည်ပနိုင်ငံသုံးခုဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများသို့ စမ်းသပ်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

''ပြည်ပကိုတင်ပို့ဖို့ဆိုရင် လက်ရှိမှာ စနစ်တကျ စိုက်ပျိုးထားတဲ့ ကေကနည်းပါးသေးတဲ့အတွက် လိုသလောက် တင်ပို့နိုင်မယ့်အခြေအနေမှာ မရှိသေးဘူး။ ဒါကြောင့် စမ်းသပ်တဲ့သဘောနဲ့ ပြည်ပသုံးနိုင်ငံကိုပဲ လှိုင်လှိုင်ပေါ်ပြီး အရည်အသွေးအကောင်းဆုံးအချိန်မှာ တင်ပို့ဖို့ စီစဉ်နေပါ တယ် ''ဟု မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

ထောပတ်သီးလှိုင်လှိုင်ပေါ်ချိန်သည် နိုဝင်ဘာလမှ ဇန်နဝါရီလအထိဖြစ်ပြီး အဆိုပါအချိန်တွင် ခူးဆွတ်လျှင် ရင့်မှည့်၍ အရည်အသွေးအကောင်းဆုံး အသီးများရရှိနိုင်ပြီး ၎င်းအချိန်မရောက်မီ ခူးဆွတ်ပါက အရည်အသွေးကျဆင်းသဖြင့် ဈေးကောင်းလည်းရရှိမည်မဟုတ်ကြောင်း သိရသည်။

''ထောပတ်သီးနုချိန်မှာ မခူးဆွတ်သင့်ဘူး။ ဈေးကွက်ထဲမှာ လက်ရှိရောင်းချနေတဲ့ ထောပတ်သီးတွေက အနုတွေများတဲ့အတွက် စားလို့ရတဲ့အသီးအရေအတွက်က အင်မတန်နည်းပါးတယ်။ နိုဝင်ဘာလလောက်မှ ထောပတ်သီးက ရင့်မှည့်တာဆိုတော့ အဲဒီအချိန်မှ အရည်အသွေးကောင်းတဲ့အသီးတွေရရှိနိုင်မှာပါ။ ဒါကြောင့် ရောင်းချသင့်တဲ့အချိန်ကျမှ ခူးဆွတ်ရောင်းချဖို့ အသိပညာတွေပေးသွားကြမှာဖြစ်သလို ဘယ်လိုမျိုးစေ့တွေကို စိုက်ပျိုးသင့်တယ်ဆိုတာကအစ ပညာပေးမှုတွေလုပ်သွားမှာပါ '' ဟု အဆိုပါ အသင်းမှ အတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောသည်။

ထောပတ်သီးကို ယခုနှစ်တွင် ပြည်ပနိုင်ငံများသို့ စမ်းသပ်တင်ပို့မည်ဖြစ်ပြီး လာမည့်ထောပတ်သီးစိုက်ရာသီတွင် ပြည်တွင်းပြည်ပတွင် အမြင့်ဆုံးဈေးရရှိရန်အတွက် စိုက်ပျိုးသူများအား နည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းများပေးသွားမည်ဖြစ်သည့်အပြင် အသင်းအနေဖြင့် စိုက်ပျိုးသူများလိုအပ်သည့် အကူအညီများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပင်အား ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ နှင့် ပေ ၄၀၀၀ ရှိသည့်မည်သည့်ဒေသတွင်မဆို စိုက်ပျိုးနိုင်ပြီး မျိုးစေ့အနေဖြင့် ပြည်တွင်းမျိုးနှင့် ပြည်ပမျိုး ခွဲခြားကာ စိုက်ပျိုးနိုင်ကြောင်းနှင့် ပြည်တွင်းမျိုးမှာ တစ်ဧကလျှင် အပင် ၁၀၀ စိုက်ပျိုးပါက ငွေကျပ်ရှစ်သိန်းခန့် ကုန်ကျမည်ဖြစ်ပြီး ပြည်ပမျိုး စိုက်ပျိုးလျှင် ၁၅ သိန်းဝန်းကျင်ခန့် ကုန်ကျနိုင်ကြောင်းသိရသည်။

ထို့ပြင် ထောပတ်သီးအပင်၏ သက်တမ်းမှာ နှစ် ၅၀ ခန့်အထိရှိသော



နှစ်ရှည်သီးနှံပင်ဖြစ်ခြင်းကြောင့် စိုက်ပျိုးသည့်တောင်သူများအတွက် အကျိုးဖြစ်ထွန်းသော သီးနှံတစ်ခုဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း၌ မိုးကုတ်၊ ပြင်ဦးလွင်တို့တွင် အများဆုံးစိုက်ပျိုးကာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ထောပတ်စိုက်ပျိုးမှုဧကမှာ ၆၀၀ ခန့်သာရှိသေးကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

○ ၂၀၁၉ ခုနှစ်မှ

ဗိုလ်လုပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ မိနစ် ၉၀ ပွဲချိန်ပြည့် ယှဉ်ပြိုင်ကစားကြပြီး တစ်ဖက်တစ်ဂိုးစီ သရေကျ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်က အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းဆုရရှိကြသည့် ကစားသမားများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အကောင်းဆုံး အလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိကြသည့် အားကစားသမားများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အသန့်ရှင်းဆုံး အသင်းဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် စတုတ္ထဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ကိုလည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ပြီး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ဒုတိယဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပထမဆုရရှိသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**





# မသန်စွမ်းမှုဆိုင်ရာဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းများ ဖွင့်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၁**

ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) တို့ ပူးပေါင်းကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ကောက်ယူထားရှိသော မသန်စွမ်းသူများဆိုင်ရာ သတင်းအချက်အလက်ကို ကွင်းဆင်းလေ့လာ၍ ပြန်လည်မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာများပြုစုတင်ပြခြင်း၊ လုပ်ငန်းများဆောင်ရွက်ရန် ဆွေးနွေးပွဲ၊ မသန်စွမ်းမှုဆိုင်ရာဆွေးနွေးပွဲနှင့် အသိပညာပေးပြိုင်ပွဲများဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ စိန်ဂျိုးဇက်အောက်မေ့ဖွယ်ခမ်းမရုံ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်တာဝန်ယူလျက် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီး ရှမ်းပြည်နယ် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကော်မတီအား အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများကလည်း မသန်စွမ်းသူအသင်းအဖွဲ့များတွင် ဦးဆောင်ပါဝင်လျက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်အား ၂၀၁၆ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့ကြောင်း၊ ရှမ်းပြည်နယ် မသန်စွမ်းသူများအသင်း ကော်မတီများကတစ်ဆင့် လူတိုင်းအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှု မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အခွင့်အရေးများကို ပြည့်မီလာစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌဦးမြတ်သူဝင်းက မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မကွေးတိုင်းဒေသကြီးတွင် သဘာဝဘေးအန္တရာယ် ၄၄၂ ကြိမ်ဖြစ်ပွားခဲ့ရာ ငွေကျပ်သိန်း ၄၅၀၀ ကျော် ထောက်ပံ့ပေးခဲ့

**မကွေး အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီးတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ သဘာဝဘေးအန္တရာယ် ၄၄၂ ကြိမ်ဖြစ်ပွားခဲ့ရာ ဘေးသင့်ပြည်သူများအား ငွေကျပ်သိန်း ၄၅၃၉ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၈ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ပြုလုပ်သည့်အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုကအဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ စာရင်းများအရ ယခုနှစ် စက်တင်ဘာလကုန်အထိ မီးဘေး၊ ရေဘေး၊ ကမ်းပြိုဘေးများအပါအဝင် ဘေးအန္တရာယ် ၄၄၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆန်ရိက္ခာဖိုးရန်ပုံငွေ၊ အိမ်ဆောက်ပစ္စည်းရန်ပုံငွေနှင့် ကယ်ဆယ်ရေးပစ္စည်းကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း ငွေကျပ် ၄၅၃၉ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်ကအခမ်းအနားတွင်ပြောကြားသည်။

"ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအတွင်းမှာ သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထောက်ပံ့မှုများ လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိပြီး ထိခိုက်ပျက်စီးမှု လျော့နည်းစေရန်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်ပေးခြင်းနဲ့အတူ ဇာတ်တိုက်လေ့ကျင့်ပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးမြင့်စိုးက ပြောသည်။

**ဝေဖြိုးလေး (ပြန်/ဆက်)**



# ဥပဒေအထောက်အကူပြုလုပ်ငန်းသည် မွန်မြတ်သည့်လုပ်ငန်းဖြစ်



**မန္တလေး အောက်တိုဘာ ၂၁**

ဥပဒေအထောက်အကူပြုလုပ်ငန်းသည် မွန်မြတ်သည့်လုပ်ငန်းဖြစ်၍ စေတနာထားလုပ်မည်ဆိုပါက အကျိုးပြုမည့်လုပ်ငန်းဖြစ်ကြောင်း၊ တရားဥပဒေဆိုင်ရာ အကူအညီပေးရေးဆောင်ရွက်ရာတွင် လက်တွေ့အမှန်တကယ်ကျင့်သုံးဆောင်ရွက်မည့်လုပ်ငန်းစဉ်မှာ ပိုမိုအရေးကြီးပါကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကကြီးမှူး၍ အောက်တိုဘာ ၂၀ ရက်နံနက်ပိုင်းတွင် Hotel Sakura Princess ရှိ Cherry ခန်းမ၌ကျင်းပသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး မူသဘောတရားနှင့် ဥပဒေအထောက်အကူပြု လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဥပဒေအထောက်အကူပြုလုပ်ငန်းဟာ မွန်မြတ်တဲ့လုပ်ငန်းပါ၊ စေတနာထားပြီးလုပ်မယ်ဆိုရင် အကျိုးရှိတဲ့လုပ်ငန်းလည်း ဖြစ်ပါတယ်။ တရားရေးမဏ္ဍိုင်ကြီး တည့်မတ်ဖို့ အရေးကြီးပါတယ်။ မတိမ်းစောင်းအောင်လည်း ကြိုးပမ်းရမှာပါ။ အားလုံးမှာ တာဝန်ရှိပါတယ်။ စေတနာသန့်သန့်နဲ့ ရိုးရိုးသားသားနဲ့ မိမိရဲ့အတ္တနဲ့ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းမတင်ဘဲ ဝိုင်းဝန်းဆောင်ရွက်ရမှာပါ"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ်ဦးအောင်ဝင်းက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးမူသဘောတရားနှင့် ဥပဒေအထောက်အကူပြုလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

**အောင်စံမောင်**

# တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်တက်ရောက်ရန် နိုင်ငံတကာမှ ချိတ်ဆက်

**မြိတ် အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို နိုဝင်ဘာလတွင် မြိတ်မြို့၌ကျင်းပမည်ဖြစ်ရာ ဖိုရမ်တက်ရောက်ရန် နိုင်ငံတကာမှ စတင်ချိတ်ဆက်ဆောင်ရွက်လာကြကြောင်း တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို တိုင်းဒေသကြီးအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအား ဖော်ထုတ်ရန်၊ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဖြင့် ပိုမိုမြှင့်တင်နိုင်ရန်၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် နိုဝင်ဘာလတွင် မြိတ်မြို့ ပုလဲသန္တာဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲများတွင် MIC နှင့်သက်ဆိုင်သည့် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်စီမံကိန်းများ၊ Sea View Condo စီမံကိန်း၊ သတ္တုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဒေသထွက်ကုန် SME ကဏ္ဍများ ပြသမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၏ အဓိကရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာနှင့် စိန်ခေါ်မှုအကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပရေးအထောက်အကူပြုလုပ်ငန်းကော်မတီများက အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ကဏ္ဍအလိုက် လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို နိုင်ငံတကာပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများအား ဖိတ်ကြားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်လာရောက်ကြသည့်ဧည့်သည်များအား မြိတ်ခရိုင်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လေ့လာရေးပို့ဆောင်ပေးသွားမည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တက်ရောက်ရန် နိုင်ငံတကာမှ စတင်ချိတ်ဆက်ဆောင်ရွက်လာကြကြောင်း သိရသည်။



**ခိုင်ထူး(မြိတ် ပြန်/ဆက်)**

# ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ဆင့်ပွားသင်တန်းဆင်း

**နမ့်စန် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Physical Fitness Dance ဆင့်ပွားသင်တန်းနှင့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ကိုးဦးတွဲလေ့ကျင့်စဉ် အသစ်ဆင့်ပွားသင်တန်း(၂/၂၀၁၉)ဆင်းပွဲအခမ်းအနားကိုအောက်တိုဘာ ၂၀ရက် နံနက်၁၀နာရီက မြို့နယ်အားကစားရုံတွင် ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နန်းခမ်းဦးက သင်တန်းဆင်းပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်နန်းခမ်းဦးတို့က ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးစိုင်းမင်းထက်ကျော်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းနည်းပြသုံးဦးအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသူများက Physical Fitness Dance နှင့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ကိုးဦးတွဲလေ့ကျင့်စဉ်အသစ် အကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ အဆိုပါသင်တန်းကို အောက်တိုဘာ ၁၄ ရက်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး နမ့်စန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းသူ ၁၀၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



# ရာဒူလိုဗစ်နှင့် လမ်းခွဲပြီးနောက် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးကို ပြန်လည်ခန့်အပ်




**မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ပြန်လည်ခန့်အပ်ခံရသည့် အန်တွမ်နီဟေး။**

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) သည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်ဖြစ်သူ ရာဒူလိုဗစ်နှင့် လမ်းခွဲခဲ့ပြီး အန်တွမ်နီဟေးကို ပြန်လည်ခန့်အပ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းပြအပြောင်းအလဲအတွက် အောက်တိုဘာ ၂၀ ရက်မှ အတည်ပြုထုတ်ပြန်ခဲ့ပြီး ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ရလဒ်များဆိုးရွားခဲ့သောကြောင့် ယခင်နည်းပြ မွန်တီနီဂရိုးနိုင်ငံသား ရာဒူလိုဗစ်နှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

အန်တွမ်နီဟေးသည် ၂၀၁၈ ခုနှစ်မေလမှဒီဇင်ဘာအထိမြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် တာဝန်ယူခဲ့ပြီး ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မလေးရှားကိုရှုံးပြီး အုပ်စုအဆင့်မှထွက်ခဲ့ရသောကြောင့် ယင်းပြိုင်ပွဲအပြီးတွင် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာတွင် နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ၊ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ပွဲကစားရမည်ဖြစ်ပြီး အန်တွမ်နီဟေးအနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ရလဒ်ကောင်းရရန် ကြိုးပမ်းရမည်ဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–စိုးညွန့်**

# ကွမ်းခြံကုန်း – မဲဇလီဦးတို့ မြေသားသဲလမ်း ပြီးစီး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၁**

မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စုမှ ကျောင်းသား ကျောင်းသူများသည် နယ်မြေကျောချင်းကပ်နီးနေသော်လည်း မြစ်ကြောင်းများဖြတ်၍ ရေယာဉ်များဖြင့် ကျောင်းတက်နေရသဖြင့် ခရီးသွားချိန် ၁ နာရီခွဲခန့်ကြာမှ မဲဇလီဦးတိုကျေးရွာအထက်တန်းကျောင်းသို့ ရောက်ရှိကြသည်။

ကွမ်းခြံကုန်း၊ ငှက်ကြီး၊ ကျီချောင်းနှင့် မြွေချောင်းကျေးရွာများမှ ကျောင်းသားကျောင်းသူများ အချိန်တိုအတွင်း သွားလာနိုင်ရေးအတွက် ကွမ်းခြံကုန်းကျေးရွာ ဆရာတော် ဘဒ္ဒန္တသုဇန၊ ကွမ်းခြံကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများဦးဆောင်၍ ကွမ်းခြံကုန်း–မဲဇလီဦးတို မြေသားသဲလမ်းကို အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းက ကိုယ့်အားကိုယ်ကိုးခင်းကျင်းခဲ့ပြီး လမ်းအရှည်ပေ ၅၀၀၀၊ အကျယ် ခြောက်ပေရှိကြောင်း သိရသည်။

**မော်ကျွန်း–မြင့်အောင်**

# ရေကြီးရေလျှံမှုနှင့် ရေတိုက်စားမှုကာကွယ်ရန် ဒေသခံများလိုလား

**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ပိုးစာတောကျေးရွာ တံခွန်တိုင်ချောင်းအချို့နေရာများတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။(ယာပုံ)



ပိုးစာတောကျေးရွာသည် အိမ်ခြေ ၅၀၀ ခန့်ရှိပြီး ကျေးရွာအပိုင်း သုံးပိုင်းကွဲကာ ချောင်း၏ တစ်ဖက်တစ်ချက်စီတွင်တည်ရှိသည်။ မိုးတွင်းကာလ တံခွန်တိုင်ချောင်းရေ ရေစီးကြမ်းမှုနှင့် ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုများ နှစ်စဉ်ကြုံတွေ့ခံစားနေရသည့် ကျေးရွာဖြစ်နေခြင်းကြောင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇–၂၀၁၈ ခုနှစ်တွင် ချောင်းအလျားပေ ၅၈၀၀ ကို ချောင်းကြမ်းပြင်တူးခြင်း၊ တံခွန်တိုင်ချောင်း ကမ်းပါးတစ်ဖက်စီတွင် မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ မြေသားတာပေါင်တစ်လျှောက် အောက်ခြေရေတိုက်စားမှုမရှိစေရန် ကျောက်စီတမံအလျား ပေ ၆၀၀၀၊ မျောအခြေထိန်းကမ်းပါး Geotextile ခင်းခြင်း–Geo Bags ဖိကမ်းထိန်း ပေ၃၅၀၀ ကာကွယ်ပေးခဲ့သည်။

သို့သော် အောက်ခြေထိန်းသိမ်းခြင်းလုပ်ငန်းမဆောင်ရွက်ရသေးသော တာပေါင်အလျား ပေ၂၀၀၀ ခန့်သည် စက်တင်ဘာနှင့် အောက်တိုဘာ ပထမပတ်အတွင်း ရွာသွန်းခဲ့သည့် မိုးကြောင့် ရေတိုက်စားမှုများဖြစ်ပေါ်ခဲ့သည်။

ဒေသခံများကကျောက်မစီရသေးသည့်နေရာများကို ပွင့်လင်းရာသီတွင် မြေသားတာပေါင်များအစား ကျောက်ရိုးစီ တာပေါင်များဖြင့် အစားထိုးပြုလုပ်ပေးစေလိုကြောင်း သိရသည်။

တံခွန်တိုင်ချောင်းသည် ပိုးစာတောကျေးရွာ ရွာလယ်အတိုင်း ဖြတ်သန်းစီးဆင်းသည့်ချောင်းဖြစ်ကာ ရေစီးကြမ်းပြီး ဂဠုန်တောင်ချောင်း၊ ကတက်မြှောင်ချောင်း၊ မျောက်လွှတ်လျှိုချောင်း၊ မဒွေါပင်ချောင်း၊ ဆင်သေမြှောင်ချောင်း(ခေါ်) ဆင်မပုပ်ချောင်းနှင့် တံခွန်တိုင်ချောင်းတို့ ပေါင်းဆုံသည့်ချောင်းဖြစ်သည်။

**ကိုထိန် (ငွါသရောက်)**

## သတင်းလမ်းညွှန်

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### စာဖတ်ဝိုင်းကျင်းပမည်

"ပျံ့သန်းခြင်း မိုင်တိုင်များ"စာအုပ်ဖြင့် ရေးသူ/ဖတ်သူအပြန်အလှန်ဆွေးနွေးသည့် စာဖတ်ဝိုင်းကို မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

### ကျန်းမာရေးနှင့်ကိုယ်ကာယအသုံးအဆောင် ကုန်စည်ပြပွဲကြီးကျင်းပမည်

ကျန်းမာရေးနှင့်ကိုယ်ကာယအသုံးအဆောင်ကုန်စည်ပြပွဲကြီးကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်း နှင့်၇၁လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် အောက်တိုဘာ ၂၅ ရက် မှ ၂၇ ရက်ထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၈ နာရီ အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### MISA and Wow Sport Table Tennis Tournament ပြိုင်ပွဲကျင်းပမည်

MISA and Wow Sport Table Tennis Tournament ပြိုင်ပွဲကို မန္တလေးမြို့ ၅၈လမ်း၊ ၂၇x၂၈ လမ်းကြားရှိ Mandalay International Science Academy တွင် အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ကျေးလက်လူထုညီလာခံကျင်းပမည်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၊တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးနှင့်စွမ်းရည်မြှင့်တင်ရေးအဖွဲ့၊ အခြေခံလူထုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကျေးလက်လူထုညီလာခံကို မန္တလေးမြို့ အမရပူရမြို့နယ် တော်လှကျေးရွာတွင် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### Professionalism in workplace ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

Professionalism in workplace ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးဟောပြောပွဲကို မန္တလေးမြို့ သိပ္ပံလမ်းပေါ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာရှိ Conference Room တွင် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီ ခွဲတွင် ကျင်းပသွားမည်ဖြစ်ပြီး ဆရာကြီးဒေါက်တာစိန်မင်းက Professionalism in workplace ခေါင်းစဉ်ဖြင့်လည်းကောင်း၊ဆရာကြီးဦးအောင်ချစ်ခင်က Creativity & Creative Confidence ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

### ပန်းထိမ်၊ ဒီဇိုင်းပညာရပ်ဆိုင်ရာ ဟောပြောမည်

ကျောက်မျက်ရတနာ၊ပန်းထိမ်၊ဒီဇိုင်းပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် Pullman ဟိုတယ်တွင် အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ပဲခူးမြို့၌ ဝက်သက်–ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်း အသိပေးဆွေးနွေး

**ပဲခူး အောက်တိုဘာ ၂၁**

ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက်(၉)နာရီက တစ်နိုင်ငံလုံးတွင် ဝက်သက်–ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်း အသိပေးဆွေးနွေးပွဲကျင်းပသည်။



ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်–ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်း ထိုးနှံခြင်းလုပ်ငန်း ၂၀၁၉ အသိပေး ဆွေးနွေးပွဲလုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားသည်။

နိုင်ငံတစ်ဝန်းလုံး ဝက်သက်–ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်း ထိုးနှံခြင်းလုပ်ငန်း(၂၀၁၉)ကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ်တို့၌ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဝက်သက်ရောဂါကာကွယ်ဆေးနှင့်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသောမြို့နယ် ၂၆ မြို့နယ်တွင် နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းတွင် အကျုံးဝင်သည့်အသက်ကိုးလမှငါးနှစ်ခွဲအရွယ် ကလေးများအား ရာနှုန်းပြည့်အန္တရာယ်ကင်းစွာ ထိုးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## ဝက်သက်– ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်မည်

**မန္တလေး အောက်တိုဘာ ၂၁**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြန်မာနိုင်ငံ အတွင်းရှိအသက်ကိုးလမှငါးနှစ်ခွဲအရွယ်ကလေးငယ်များအား ဝက်သက်–ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းတစ်ကြိမ် ထိုးနှံပေးခြင်းလုပ်ငန်းကို အောက်တိုဘာနှင့် နိုဝင်ဘာတွင် အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက်တွင် မန္တလေးမြို့ Hilton Hotel ၌ ကျင်းပသည့် ဝက်သက်– ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်း လုပ်ငန်းအတွက် သတင်းမီဒီယာများနှင့် ရှင်းလင်းပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဝက်သက်ရောဂါကာကွယ်ဆေးကို မြန်မာနိုင်ငံတွင် ၁၉၈၇ ခုနှစ်မှစ၍ ပထမဆုံးအကြိမ် စတင်ထည့်သွင်း ထိုးနှံပေးခဲ့ပြီး ၁၉၉၅ ခုနှစ်အထိ လွှမ်းခြုံမှု ရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းအောက်တွင်သာ ရှိခဲ့ပြီး ၁၉၉၅ ခုနှစ်နောက်ပိုင်း လွှမ်းခြုံမှုရာခိုင်နှုန်း ၈၀ အထက်ကျော်လွန် ရရှိခဲ့သော်လည်း ရည်မှန်းထားသည့် လွှမ်းခြုံမှု ၉၅ ရာခိုင်နှုန်းအထက်သို့ ရောက်ရှိစေရန် ကြိုးစားခဲ့သော်လည်း မရရှိခဲ့ကြောင်း၊ ထို့ကြောင့် ရည်မှန်းထားသည့် လွှမ်းခြုံမှုရာခိုင်နှုန်းသို့ မြှင့်တင်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဝက်သက်ကာကွယ်ဆေးကို ထိုးနှံပေးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဝက်သက်ကာကွယ်ဆေးအပြင် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးကိုလည်း ထပ်မံထည့်သွင်းထိုးနှံ တိုက်ကျွေးခဲ့ကြောင်း၊ ယခုအခါ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဝက်သက်– ဂျိုက်သိုးရောဂါကင်းစင်ရေး ရည်မှန်းချက်ကိုထားရှိပြီး နည်းဗျူဟာကိုးရပ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးကျန်းမာရေးအတွက် ဝက်သက်–ဂျိုက်သိုးကာကွယ်ဆေး ထိုးနှံပေးရန် လိုအပ်ကြောင်းကို မီဒီယာများမှ သိရှိစေရန် ပူးပေါင်းပါဝင်၍ ကူညီရေးသားပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ GAVI၊ WHO နှင့် UNICEF အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းခဲ့ကြသည်။

အဆိုပါလုပ်ငန်းကို မြန်မာနိုင်ငံအတွင်းရှိ အသက်ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှုကို ထပ်မံလျှော့ချနိုင်ရန်နှင့် ၂၀၂၃ ခုနှစ်တွင် ဝက်သက်–ဂျိုက်သိုးရောဂါ ကင်းဝေး၍ ကလေးများ မွေးရာပါဂျိုက်သိုးရောဂါကင်းစင်ပပျောက်စေရန် ရည်ရွယ်၍ တစ်နိုင်ငံလုံးရှိ အသက် ကိုးလမှ ငါး နှစ်ခွဲအတွင်းရှိ ကလေးများ ယခင်က ဝက်သက်– ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးဖူးသည် ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ ဝက်သက်– ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်းတစ်ကြိမ် တိုက်ကျွေးထိုးနှံပေးမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအစီအစဉ်၏ အပိုင်း(၁) အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ ခက်ခဲဒေသ ၉၆ မြို့နယ်တွင် အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အတွင်း ဝက်သက်–ဂျိုက်သိုးရောဂါကာကွယ်ဆေးကို ပိုလီယိုကာကွယ်ဆေးနှင့်အတူ ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်သည်။ အစီအစဉ် အပိုင်း(၂) အနေဖြင့် နိုဝင်ဘာလ ၂၆ ရက်မှ ၂၈ ရက်အထိ တစ်နိုင်ငံလုံးရှိ ကျန် ၂၃၄ မြို့နယ်တွင် ဝက်သက်– ဂျိုက်သိုးရောဂါကာကွယ်ဆေးကို အပိုဆောင်းတစ်ကြိမ် ထိုးနှံပေးသွားမည်ဖြစ်သည်။



ဝက်သက်– ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းတွင် ကလေးငယ်တစ်ဦးအတွက် ၂၈ ဒေါ်လာ ကုန်ကျပြီး အဆိုပါကုန်ကျစရိတ်၏ ၂၆ ရာခိုင်နှုန်းကို နိုင်ငံတော် ဘဏ္ဍာငွေမှ အကုန်ကျခံကာ ကျန် ၇၄ ရာခိုင်နှုန်းကို GAVI အဖွဲ့အစည်း၏ အဓိက လှူဒါန်းမှုဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပြီး ယခု ထိုးနှံပေးမည့် ကာကွယ်ဆေးများ၏ အရည်အသွေး ပြည့်မီစွာ ရရှိစေရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် UNICEF မှ တစ်ဆင့် ဝယ်ယူထားခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ဝက်သက်– ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးလုပ်ငန်း၏ လွှမ်းခြုံမှုမှာ တစ်နိုင်ငံလုံး၌ ၉၀ ရာခိုင်နှုန်းအထက်တွင် ရရှိခဲ့ပြီး လွှမ်းခြုံမှုနည်းပါးခဲ့သည့် ဒေသများတွင် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ဝက်သက်ရောဂါဖြစ်ပွားကူးစက်မှု များပြားလာခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ၃၈၆၂ ဦးရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊**
**ဓာတ်ပုံ – အောင်ဖြိုးကျော်**

## မိမိကိုယ်ကိုအဆုံးစီရင်ခြင်း ကာကွယ်တားဆီး ကူညီပေးခြင်းအကြောင်း စကားဝိုင်းဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၁**

မိမိကိုယ်ကိုအဆုံးစီရင်ခြင်း ကာကွယ်တားဆီးကူညီပေးခြင်း (Suicide Prevention) အကြောင်း စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ Jefferson Center တွင် ကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် Moderatorအဖြစ် ဒေါက်တာခင်မိုးမိုးဦး (UNICEF) က ဆောင်ရွက်ပြီးဦးဆောင်သူဆွေးနွေးသူများအဖြစ်ဒေါက်တာမောင်မောင်ဦး (Associate Professor Department of Medicine University Mandalay)၊ ဒေါက်တာခင်စန်းလှိုင်၊ (Professor of Head Department of Psychology Mandalay)၊ ဒေါက်တာဖြူစင်ဝင်း၊ (Associate Professor of Health Department University of Medicine Mandalay)၊ Ms. Agnes Mary (Counseling Psychologist Serenity) တို့က မိမိကိုယ်ကိုအဆုံးစီရင်ခြင်းကိုကာကွယ်တားဆီးသည့်အနေဖြင့် စိတ်ကျန်းမာရေးရှုထောင့်မှ မိမိတို့ အတွေ့အကြုံအရ ဟောပြောဆွေးနွေးကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization)၏သုတေသနစာတမ်းများအရ လူလေးဦးတွင် တစ်ဦးသည် သူ၏ သက်တမ်းတစ်လျှောက်အနည်းဆုံးတစ်ကြိမ်စိတ်မကျန်းမာသောအတွေ့အကြုံ ခံစားဖူးသည်။ ထို့ကြောင့် စိတ်မကျန်းမာခြင်းသည် ခန္ဓာကိုယ်မကျန်းမာခြင်းကဲ့သို့ လူတိုင်းတွင်ဖြစ်နိုင်ပြီး စိတ်ကျန်းမာရေးတိုင်ပင်ဆွေးနွေးပေးသူ (Counselor)နှင့် တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ကုသမှုရယူနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# မင်းတုန်းမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မကွေး အောက်တိုဘာ ၂၁**
မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက မင်းတုန်းမြို့ စည်ပင်သာယာရေးလုပ်ငန်းများအား စစ်ဆေးသည်။

ဆက်လက်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမတွင် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်၊ မင်းတုန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များအား တွေ့ဆုံပြီး အကျိုးပြုလုပ်ငန်းများလုပ်ကိုင်ရာတွင် ပြည်သူများအား ပွင့်လင်းမြင်သာစွာချပြဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

**ဇေယျာတု(မကွေး)**

# ပွင့်ဖြူမြို့နယ်၌ ဓာတ်အားလိုင်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်

**ပွင့်ဖြူ အောက်တိုဘာ ၂၁**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရန်နှင့် ဓာတ်အားပြည့်ဝစွာ သုံးစွဲခွင့်ရရှိစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီ က ပွင့်ဖြူမြို့နယ် ရောက်တောကျေးရွာနှင့် ကုန်းဇောင်းကျေးရွာသို့ ဆက်သွယ်ထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက် ဆွေးမြည့်ယိုင်နဲ့နေသည့် လျှပ်စစ်သံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကြွေသီးဟောင်းများ လဲလှယ်ခြင်းနှင့် ယိုင်နဲ့နေသည့် ဓာတ်အားလိုင်းတိုင်များအား ပြန်လည်တည့်မတ်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရှိသည့် ကျေးရွာများကိုလည်း ဘဏ္ဍာနှစ်အလိုက် ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်သူများ လျှပ်စစ်မီးသုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်သုံးစွဲနည်းနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများကိုလည်း နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဇော်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# သီတဂူဗိုလ်စိန်မှန် ဝါတွင်းဆွမ်းလောင်းအဖွဲ့ လှူဖွယ်ပစ္စည်းများ လောင်းလှူ

**ရန်ကုန် အောက်တိုဘာ ၂၁**
သီတဂူဗိုလ်စိန်မှန် ဝါတွင်းဆွမ်းလောင်းအဖွဲ့က (၁၁)ကြိမ်မြောက် ဝါတွင်းအရုဏ်ဆွမ်းအလှူတော်အောင်ပွဲ စုပေါင်းလှူဒါန်းပွဲကို အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီက ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်း၌ ကျင်းပသည်။

သီတဂူဗိုလ်စိန်မှန်ဝါတွင်းဆွမ်းလောင်းအဖွဲ့က မြို့နယ်အတွင်းရှိ သီလရှင်စာသင်တိုက် ၁၀ တိုက်မှ သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၄၅၀ တို့အား လှူဖွယ်ပစ္စည်းနှင့်ဂတ္တုငွေ စုစုပေါင်း ငွေကျပ် ၈၁ သိန်း လှူဒါန်းခဲ့ကြကြောင်းသိရသည်။

**ဗလစိုး**

## တိုတိုထွာထွာဖတ်စရာ

### မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး

**ပြည်ကြီးတံခွန်** ။ ။မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု အသိပညာပေးဟောပြောပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် အကွက်အမှတ် (၂၈) တွင် အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီက ကျင်းပသည်။

ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲမှူးဝင်းကျော်ကျော်လွင်က မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ တက်ရောက်လာသောရပ်ကွက်နေပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

### ရန်ကုန်တိုင်းဒေသကြီးအတွင်း လင်းယုန်စီမံချက်အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန်**။ ။ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်များအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းများလျော့နည်းကျဆင်းရေး ထိရောက်စွာဆောင်ရွက်နိုင်ရန် လင်းယုန်စီမံချက်ကို အထူးအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ် မြေရဲတပ်ဖွဲ့စခန်း ရဲအုပ်ကိုကိုလင်းက ကြီးကြပ်၍ ဘုရင့်နောင်လမ်းမကြီး ဘုရင့်နောင်တံတားအနီး ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းများ၊ ရပ်ကွက်အတွင်းလှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် လင်းယုန်စီမံချက်ကို ပိုမိုအရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

### ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း ၂၀၂၀ ပြက္ခဒိန်ထုတ်ဝေ

**ပန်းတောင်း**။ ။ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းက ၂၀၂၀ ပြည့်နှစ် ပြက္ခဒိန်ကို အောက်တိုဘာ ၂၀ ရက်က စတင်ဖြန့်ဝေလျက်ရှိသည်။

ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တွင် တည်ဆောက်လျက်ရှိသော မြို့နယ်စာရေးဆရာအသင်း နှစ်ထပ်ရုံး အလင်္ကာခန်းမကြီးမှာ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး ရန်ပုံငွေများရရှိရေးအတွက် ၂၀၂၀ ပြည့်နှစ် ပြက္ခဒိန်အား ထုတ်ဝေရောင်းချလျက်ရှိသည်။

**အောင်မြင့် (ပန်းတောင်း)**

# ကုန်စည်များပို့ဆောင်ပေးနေသည့် ရန်ကုန် ဝါးတန်း(ကီလီ)-ဒလ(ယာဉ်ကူးတို့) လမ်း

**ရန်ကုန် အောက်တိုဘာ ၂၁**
မြန်မာနိုင်ငံဒေသအနှံ့အပြားရှိရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်းများကြောင့် ကုန်ကျစရိတ်သက်သာစွာဖြင့် ခရီးသည်၊ မော်တော်ယာဉ်နှင့် ကုန်စည်များကို ပို့ဆောင်နိုင်သည့် ရေကြောင်းပို့ဆောင်မှုလုပ်ငန်းများမှာ အထူးအရေးပါသောကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ် ဌာနခွဲ) ရန်ကုန် ဝါတန်း(ကီလီ)-ဒလ(ယာဉ်ကူးတို့)လမ်းတွင် တစ်နေ့လျှင် ၁၆ခေါက်နှုန်းဖြင့် ခရီးသည်၊ မော်တော်ယာဉ်နှင့် ကုန်စည်များကို ကားကူးတို့ရေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ တစ်ရက်လျှင် ငွေကျပ်သိန်း ၂၀ ကျော်ရရှိသည့် ကူးတို့ဇက်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဌာနခွဲအနေနဲ့ ရန်ကုန်မြို့ကိုကုန်စည်ပို့မယ့် မော်တော်ယာဉ်များ၊ မြို့တွင်းကနေဧရာဝတီတိုင်းဒေသကြီးအတွင်းကို ပြန်ဆင်းမယ့် ကုန်စည်ယာဉ်များ၊ ဘုရားဖူးကား၊ အိမ်စီးကားများနဲ့ အငှားယာဉ်များကိုလည်း ကူးတို့လမ်းပြေးဆွဲပေးပါတယ်၊ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အောက်တိုဘာမှစက်တင်ဘာလအထိ ခေါက်ရေစုစုပေါင်း ၅၁၁၅ ခေါက် ပြေးဆွဲပြီးစုစုပေါင်းငွေကျပ်သန်းပေါင်း ၆၂၀ ဒသမ ၃၈၀ သန်းကောက်ခံရရှိပါတယ်၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့ကစပြီးခေါက်ရေတိုးပြေးဆွဲပေးမှုကြောင့် ဝင်ငွေပိုမိုပြီးရရှိတာဖြစ်ပါတယ်" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာနခွဲ) လက်ထောက်အထွေထွေမန်နေဂျာဦးသိန်းမြင့်က ပြောသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမြို့နယ်များဖြစ်သည့် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်တို့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ ဒေသခံပြည်သူများစွာတို့သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် ဝင်ပေါက်၊ ထွက်ပေါက် နေရာတစ်ခုဖြစ်သည့် ဒလမြို့နယ်သင်္ဘောဆိပ်မှတစ်ဆင့် ကူးသန်းသွားလာကြသလို၊ ရန်ကုန် ဝါးတန်း(ကီလီ)-ဒလ (ယာဉ်ကူးတို့)လမ်းမှတစ်ဆင့် ခရီးသည်များ၊ မော်တော်ယာဉ်နှင့် ကုန်စည်များစွာတို့ကိုလည်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ နေ့စဉ် ကူးတို့လမ်းပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်။

မြစ်ဝကျွန်းပေါ်ဌာနခွဲ ရေယာဉ်ခရီးစဉ်များအနေဖြင့် ရန်ကုန်(ပန်းဆိုးတန်း/ဒလ) ကူးတို့ဆိပ်တွင် တစ်နေ့၄၆ ခေါက်နှုန်းဖြင့် နံနက် ၅ နာရီခွဲမှ ည ၉ နာရီအထိ ခရီးသွားမိဘပြည်သူများစွာတို့ကို ပို့ဆောင်ပေးခြင်း၊ ထို့အတူရန်ကုန်ဝါးတန်း(ကီလီ)မှ ဒလ (ယာဉ်ကူးတို့) လမ်းတွင် တစ်နေ့ ၁၅ခေါက်နှုန်းဖြင့် နံနက် ၆နာရီမှ ည ၇ နာရီအထိခရီးသည်၊မော်တော်ယာဉ်များနှင့်ကုန်စည်များကိုပို့ဆောင်ပြေးဆွဲပေးလျက်ရှိပြီး အဆိုပါ ကူးတို့ယာဉ်လမ်းနှစ်ခုအနေဖြင့် တစ်ရက်ဝင်ငွေကျပ် ၅၂ သိန်းကျော်ကောက်ခံရရှိခြင်းကြောင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ ဝင်ငွေအကောင်းဆုံးရှာဖွေပေးနိုင်သည့် ဌာနခွဲတစ်ခုပင်ဖြစ်သည်။

ထို့အတူ ရန်ကုန်-ခနောင်တိုကူးတို့လမ်းရေယာဉ်ဆိုက်ကပ်၊ ထွက်ခွာဆိပ်ခံတံတားအားလှည်းတန်း(၁)တံတားမှ ကိုင်းတန်း(၂)တံတားသို့ နိုဝင်ဘာ ၁ ရက်မှ စတင်၍ ဆိုက်ကပ်၊ ထွက်ခွာမည်ဖြစ်ပြီး ကူးတို့လမ်းခရီးသွားဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့်



လပေးရေယာဉ်စီးကတ်များအား ရန်ကုန်-ခနောင်တိုကူးတို့လမ်းလက်မှတ်ရောင်းစာရေးများထံတွင် အလွယ်တကူသက်တမ်းတိုးခြင်း၊ ကတ်အသစ်လျှောက်ထားခြင်းကို ပြုလုပ်နိုင်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ထုတ်ပြန်ကြေညာထားသည်။

မြစ်ဝကျွန်းပေါ်ဌာနခွဲ ရေယာဉ်ခရီးစဉ်များနှင့် ခုတ်မောင်းမှုများအနေဖြင့် ရန်ကုန်-ဒလတစ်နေ့ ၄၆ ခေါက်နှုန်းချယ်ရီ (၁/၂/၃)၊ ဝါးတန်း/ဒလ(ယာဉ်) တစ်နေ့ ၁၅ခေါက် ရိုးရိုး(၂/၃/၄)၊ ရန်ကုန်-ခနောင်တို တစ်နေ့ ခြောက်ခေါက်၊ တီး/အက်စ်/ဗလ/ဒဗလျူ၊ လပွတ္တာလုပ်-ရေပေါ်ကြီးတစ်နေ့ နှစ်ခေါက်၊လပွတ္တာတံတား(ပင်လယ်လေး) တစ်နေ့ ၁၀ ခေါက်၊ ဝါးခယ်မတံတား တစ်နေ့ ၁၀ ခေါက်၊ ရွှေလောင်းတံတား တစ်နေ့ ၁၀ ခေါက်၊ ရန်ကုန်-ကျုံမငေးတစ်ပတ် တစ်ခေါက်(စနေ)၊ ရန်ကုန်-ကြာကန်တစ်ပတ် တစ်ခေါက် (ကြာသပတေး)၊ ရန်ကုန်မြစ်အတွင်း အပျော်စီးတို့ဖြင့် ကူးသန်းသွားလာလျက်ရှိကြောင်းသိရသည်။

**နိုင်လင်းကျော်(ဒလ)**



## မန်ယူနဲ့ လီဗာပူး သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းက ဆိုးရွားအနေနဲ့ ရက်ရှ်ဖို့ဒ်နဲ့ ဂျိမ်းစ် တွဲဖက်ကစားသင့်ခြင်းကို သက်သေပြနေဟုဆို

တနင်္ဂနွေညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အဲဒီရလဒ်ဟာ နည်းပြဆိုးရှားအနေနဲ့ မန်ယူအသင်းရဲ့ တိုက်စစ်ပိုင်းမှာ ရက်ရှ်ဖို့ဒ်နဲ့ ဒန်နီယယ်ဂျိမ်းစ် တွဲဖက်ကစားသင့်ခြင်းကို သက်သေပြနေခြင်းဖြစ်တယ်လို့ သုံးသပ်သူတွေက ဆိုပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းဟာ အိမ်ရှင်အသင်းပီပီ ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းကို ပွဲကစားချိန် ၃၆ မိနစ်မှာ ဒန်နီယယ်ဂျိမ်းစ်ရဲ့ ပေးပို့မှုမှတစ်ဆင့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သွင်းယူခဲ့တဲ့ သွင်းဂိုးနဲ့ ဦးဆောင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ ချေပဂိုး ပြန်လည်ရရှိရေးအတွက် လူစားလဲမှုသုံးကြိမ်စလုံး ပြုလုပ်ခဲ့ပေမယ့် ပွဲကစားချိန် ၈၂ မိနစ်အထိ လီဗာပူးအသင်းနည်းပြကလော့ရဲ့ နည်းဗျူဟာ အလုပ်မဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် ပွဲကစားချိန် ၈၄ မိနစ်မှာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ရဲ့နေရာမှာ မာရှယ်လ်ကို ထည့်သွင်းကစားစေခဲ့ပြီးနောက် ပွဲကစားချိန် ၈၅ မိနစ်မှာ လီဗာပူးအသင်းကစားသမား လယ်လာနာက လီဗာပူးအသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒါကြောင့် မာရှယ်လ်နဲ့ ဂျိမ်းစ်တို့ကို တွဲဖက်ကစားဖို့ထက် ရက်ရှ်ဖို့ဒ်နဲ့ ဂျိမ်းစ်ကိုသာ တွဲဖက်ကစားစေသင့်တဲ့ သက်သေပြချက်ကို သုံးသပ်သူတချို့က ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။



ရက်ရှ်ဖို့ဒ်၊ ဂျိမ်းစ်နှင့် မာရှယ်လ်

## ရီးယဲလ်မက်ဒရစ်က ဂျာဒန်ဆန်ချိုနဲ့ ဟာလန်းတို့အား လာမယ့်နွေရာသီတွင် ခေါ်ယူမည်ဟုဆို

ရီးယဲလ်မက်ဒရစ်အသင်းဟာ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ ဂျာဒန်ဆန်ချိုနဲ့ ဟာလန်းတို့ကို ခေါ်ယူမယ်လို့ဆိုပါတယ်။

ဆန်ချိုဟာ ၂၀၁၇ ခုနှစ်က မန်စီးတီးအသင်းကနေ ဒေ့ါမွန်အသင်းထံ ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လက်ရှိမှာ ဒေ့ါမွန်အသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ အထိ သတ်မှတ်ခံထားရတဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။

ဒ့ါအပြင် ဟာလန်းကလည်း ရက်ဘူးလ်ဆယ်လ်ဘာ့အသင်းနဲ့အတူ အခုနှစ်ဘောလုံးရာသီမှာ ပြိုင်ပွဲအရပ်ရပ်တွင် ၁၆ ပွဲကစားပေးထားကာ ၁၉ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။

ဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက အသင်းရဲ့တိုက်စစ်ပိုင်း အင်အားတောင့်တင်းမှုရှိဖို့အတွက် အဆိုပါကစားသမားနှစ်ဦးစလုံးကို ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပါတယ်။ ဆန်ချိုကိုတော့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ မန်ယူအသင်းအပါအဝင် ကလပ်အသင်းအတော်များများက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ ဆန်ချိုဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမှာ ဒေ့ါမွန်အသင်းအတွက် သွင်းဂိုး ၁၂ ဂိုး သွင်းယူပေးထားကာ ဂိုးဖန်တီးမှု ၁၄ ကြိမ်အထိ ပြုလုပ်ပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။




## လူကာကူနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး အင်တာမီလန်က ဆာစူအိုလိုကို အနိုင်ရ

အင်တာမီလန်အသင်းဟာ အီတလီစီးရီးအေပွဲစဉ်အဖြစ် ဆာစူအိုလိုအသင်းနဲ့ ကစားခဲ့ရပြီး အဲဒီပွဲစဉ်မှာ တိုက်စစ်မှူးလူကာကူနဲ့ မာတီနက်ဇ်တို့က နှစ်ဂိုးစီသွင်းယူပေးခဲ့ကာ အင်တာမီလန်အသင်းက ဆာစူအိုလိုအသင်းကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အင်တာမီလန်အသင်းဟာ ဆာစူအိုလိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ထိပ်ဆုံးမှာရပ်တည်နေတဲ့ ဂျူဗင်တပ်အသင်းနဲ့ တစ်မှတ်ကွာအနေအထားကို ရောက်ရှိလာခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးလူကာကူဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်းကနေ အင်တာမီလန်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ အင်တာမီလန်အသင်းနဲ့အတူ အီတလီစီးရီးအေရှစ်ပွဲကစားပေးထားကာ သွင်းဂိုးငါးဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ဆာစူအိုလိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေ ရှစ်ပွဲကစားအပြီးမှာ ရမှတ် ၂၁ မှတ်ရရှိထားပြီး ထိပ်ဆုံးက ဂျူဗင်တပ်အသင်းကတော့ ရမှတ် ၂၂ မှတ်ရရှိထားတာဖြစ်ပါတယ်။

ငွေကြယ် - စုစည်းသည်

## ဝေါရင်ကာကို အနိုင်ရပြီး ဥရောပ အိုးပင်းတင်းနစ်ဆုဖလား အန်ဒီမာရေး ဆွတ်ခူး

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာ ဝေါရင်ကာကို အနိုင်ရရှိပြီး ဥရောပအိုးပင်းတင်းနစ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ မာရေးဟာ တင်ပါးဒဏ်ရာရရှိထားရာကနေ ပြန်လာပြီးနောက် ပထမဆုံးရရှိခဲ့တဲ့ တင်းနစ်ဆုဖလားလည်းဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ အန်ဒီမာရေးဟာ ဝေါရင်ကာကို ၃-၆၊ ၆-၄၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်နှစ်ကျော်ကြာဝေးကွာနေတဲ့ တင်းနစ်ဆုဖလားကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။ မာရေးဟာ ဇန်နဝါရီလအတွင်းက တင်ပါးဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူခဲ့ပြီးနောက်ပိုင်းမှာ ပြိုင်ပွဲခုနစ်ခု ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။

အန်ဒီမာရေးဟာ ဇန်နဝါရီလအတွင်းက ကျင်းပခဲ့တဲ့သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ တင်ပါးဒဏ်ရာရရှိခဲ့တာကြောင့် ပြိုင်ပွဲပြီးရင် တင်းနစ်ကစားသမားဘဝကနေ အနားယူရလိမ့်မယ်လို့ မျက်ရည်ကျပြီးပြောခဲ့ပါတယ်။

ဒါပေမယ့် ဒဏ်ရာပြန်လည်သက်လာတာကြောင့် ဇွန်လအတွင်းမှာ တင်းနစ်နှစ်ယောက်တွဲပြိုင်ပွဲမှာ ဝင်ပြိုင်နိုင်ခဲ့သလို ဩဂုတ်လမှာလည်း တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ အခုချိန်မှာ အောင်မြင်မှုနဲ့အတူ ပြန်လာနိုင်ခဲ့တဲ့အပြင် လာမယ့်လအတွင်းမှာ မက်ဒရစ်မြို့၌ ကျင်းပမယ့် ဒေးဗစ်ဖလားပြိုင်ပွဲမှာ ဗြိတိန်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မယ်လို့လည်း သိရပါတယ်။


အန်ဒီမာရေးနှင့် ဝေါရင်ကာ

## အိန်ဂျယ်ဂိုမက်စ်ကို မန်ယူအသင်းက စာချုပ်သစ်ကမ်းလှမ်းမည်

မန်ယူအသင်းဟာ အသက် ၁၉ နှစ်အရွယ် လူငယ်ကစားသမား အိန်ဂျယ်ဂိုမက်စ်ကို စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းသွားမယ်လို့ ဆိုပါတယ်။ အဲဒီကမ်းလှမ်းမှုဟာ ဘာစီလိုနာအသင်းက အိန်ဂျယ်ဂိုမက်စ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေခြင်းကြောင့် ထွက်ပေါ်လာတာဖြစ်ပါတယ်။

အိန်ဂျယ်ဂိုမက်စ်ဟာ ပြီးခဲ့တဲ့လက အက်စတာနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာ မန်ယူအသင်းနဲ့အတူ ပွဲချိန်ပြည့်ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းဟာ အခုနှစ်ဘောလုံးရာသီအတွက် လူငယ်ကစားသမားနှစ်ဦးဖြစ်တဲ့ ဘစ်ဆာကာနဲ့ ဒန်နီယယ်ဂျိမ်းစ်တို့ကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ အိန်ဂျယ်ဂိုမက်စ်ဟာ မန်ယူအသင်းရဲ့ အနာဂတ်အတွက် စိတ်ချရတဲ့ကစားသမားအဖြစ် နည်းပြဆိုးရှားက သတ်မှတ်ထားတာကြောင့် စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်လာတာဖြစ်ပါတယ်။ မန်ယူအသင်းနည်းပြ ဆိုးရှားဟာ လိုက်ဇစ်အသင်းမှ ဂျာမနီကြယ်ပွင့် တီမိုဝါနာကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး တီမိုဝါနာကို ရရှိဖို့ ကာလရှည်စောင့်နေခဲ့ရတာလည်းဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ တီမိုဝါနာဟာ လိုက်ဇစ်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ၁၂၄ ပွဲအထိ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၆၈ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။




## အသက်(၈၀)ပြည့်နှင့်အထက် စိုက်ပျိုးရေးဘွဲ့ရများဂါရဝပြုပွဲ ဖိတ်ကြားခြင်း

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း (AUAA) မှ ကြီးမှူးကျင်းပသော အသက်(၈၀) ပြည့်နှင့်အထက် စိုက်ပျိုးရေးဘွဲ့ရပုဂ္ဂိုလ်(၅၄)ဦးအား နေထိုင်ရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဂါရဝပြုပွဲများကို ကျင်းပမည်ဖြစ်ပါသည်။

(AUAA)ရန်ကုန်မှ ကန်တော့ခံပုဂ္ဂိုလ် (၃၂)ဦး ဂါရဝပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

စိုက်ပျိုးရေးဘွဲ့ရ (B.Ag)များအားလုံး တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
(ဖိတ်စာဖြင့်သီးခြားမဖိတ်ပါ။)

| | | |
|---|---|---|
| နေ့ရက် | - | ၂၆-၁၀-၂၀၁၉ (စနေနေ့) |
| အချိန် | - | မွန်းလွဲ (၁)နာရီ |
| နေရာ | - | စိုက်ပျိုးရေးပြတိုက်၊ မြေပဒေသာကျွန်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက -

ငွေစာရင်း၊ ကမ္ဘောဇဘဏ်-၀၃၄၃၀၂၀၃၄၀၂၂၄၆၇၀၁နှင့် စိုက်ပျိုးရေးဦးစီးဌာန၊ မြေပဒေသာအရောင်းဆိုင် (ဖုန်း ၀၉- ၄၃၀၆၈၁၇၂) တို့သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။

**ကျင်းပရေးအဖွဲ့**












## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျိန်လျန်းညောင်
**အသက်(၆၀)**

**(Nu Cing Lian Niang)**

ကလေးမြို့၊ တပ်ဦးသီတာရပ်ကွက်၊ အမှတ် (၇/၄၅)နေ ဗိုလ်မှူးပုမ်းဇဆူမ်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန)၏ ဇနီးဖြစ်သူ ဒေါ်ကျိန်လျန်းညောင်သည် ၂၁-၁၀-၂၀၁၉ ရက် နံနက် ၉:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းအိ (ရွှေဘိုခရိုင်၊ မင်းကျီရွာ)
**အသက်(၉၆)နှစ်**

တောင်ငူတက္ကသိုလ်၊ သချ်ာဌာန၊ ပါမောက္ခဌာနမှူး ဒေါက်တာတင်မာထွေး၏ဖခင် ဦးထွန်းအိသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဒုတိယပါမောက္ခချုပ်များနှင့်**
**တောင်ငူတက္ကသိုလ် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စဝ်နန်းအမ်အောင်(ခ) ဒေါ်Violetခွန်ဆမ်
**အသက်(၇၄)နှစ်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးစဝ်ခွန်ခယ်(ခ)ဦးခွန်ပြည်သာစိုး(ခ)ဦးလေးစိုး
**အသက်(၅၈)နှစ်**

''ဝ''ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖွဲ့ ဦးစီးဥက္ကဋ္ဌ ဦးစဝ်ခွန်ထွန်းလူ(ခ)ဦးဒီကီ-စောနန်းပန်(ခ)ဒေါ်မာဂရက်တို့၏ ချစ်လှစွာသော အစ်မကြီး ဒေါ်စဝ်နန်းအမ်အောင်(ခ) ဒေါ် Violet ခွန်ဆမ်သည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ည ၇:၅၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းနှင့် ညီဖြစ်သူ ဦးစဝ်ခွန်ခယ်(ခ)ဦးခွန်ပြည်သာစိုး(ခ)ဦးလေးစိုးသည် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့)တွင် လားရှိုးမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ထွေး (ဒွါရာဝတီမောင်ကြီး)
**အသက်(၇၃)နှစ်**

**နာယက၊ တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)**

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) နာယက၊ အသင်းစတင် ထူထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၁၈၈)နေ ဒေါ်စုစုကြည် ၏ ချစ်လှစွာသောခင်ပွန်း သည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)**

## ဦးမိုးကျော်သူ (ကုန်တိုက်-၁) (၅၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၃၅)နေ [ဦးသန်း (မြန်မာ့စီးပွားရေးဘဏ်)]၊ ဒေါ်ခင်ခင် (ကုန်တိုက်-၁)တို့၏ သား၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ (၈)ရပ်ကွက်၊ စက်ကြီးတန်းလမ်းနေ (ဦးစံသိန်း-ဒေါ်လှထွား)တို့၏ သားသမက်၊ ဒေါ်မြသက်ကြူ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသုမင်္ဂလ (ကူးဆိပ်ဆရာတော်၊ မြိုင်ကလေး)၊ ဦးမင်းအောင်-ဒေါ်ချို လွင်ဦးတို့၏ ချစ်လှစွာသောညီ/မောင်၊ ဦးမိုးကျော်အောင်-ဒေါ်တင် မေအုန်း၊ ဦးမိုးကျော်နိုင်-ဒေါ်အိအိအောင် (သစ်ထုတ်လုပ်ရေး၊ ညောင်လေးပင်)၊ ဦးမြင့်အောင်-ဒေါ်မိုးသူဇာတို့၏အစ်ကို၊ မောင်ခိုင်မြဲကျော်သူ၊ မောင်ထက်အောင်ကျော်တို့၏ဖခင်၊ တူ/တူမလေးယောက်တို့၏ ဦးလေးသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ညနေတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၉ (စနေနေ့) နံနက်တွင် အမှတ်(၃၃၅)၊မဟာဗန္ဓုလလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်တင့်
**အထက-၂၊ ပုဇွန်တောင် ကျောင်းသားဟောင်း**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၄၂၂)နေ (ဦးအောင်တင့်-ဒေါ်စန်းရီ)တို့၏ သား၊ ဦးဉာဏ်လင်း(UK)-ဒေါ်နုနုရီ(UK)၊ဒေါ်ဌေးဌေးလှ(UK)၊ဒေါ်ရီရီလှ(ဇီဝိတဒါနသံဃာ့ဆေးရုံ)တို့၏ ညီ/မောင်၊ ဦးမျိုးမြတ်တင့်၏ အစ်ကို၊ မောင်ကောင်းစံလင်း(UK)၏ ဦးလေးသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၂:၄၅ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်စိန် (စစ်ကွင်း)
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာ၊ တိုက်အမှတ်(၂၅)၊ အခန်းအမှတ်(၁၇)နေ (ဦးသန်းရွှေ-ဒေါ်တိုး)တို့၏ သမီး၊ [ဦးသာညွန့် (မြန်မာ့မီးရထား-ငြိမ်း)]၏ဇနီး၊ (ဦးဇော်လင်း)-ဒေါ်နွယ်နွယ်၊ ဒေါ်စန်းစန်းဝေ (လ/ထ စက်ရုံမှူး-ငြိမ်း၊ ဆပ်ပြာစက်ရုံ)၊ ဦးတင်အေး-ဒေါ်နွယ်နွယ်အေး (MIP)၊ ဒေါ်အိအိခင်(လ/ထ မန်နေဂျာ-ငြိမ်း၊ မြန်မာ့မီးရထား)၊ ဒေါ်လဲ့လဲ့ထွေး (လ/ထ ညွှန်မှူး၊ PP စိုက်ပျိုးရေး)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲဝင့်ဇင်-မမြတ်ကေခိုင်(MIP)၊ မောင်ထက်အောင်၊ မသက်ထားဆွေတို့၏အဘွားသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းမြင့်
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တွံတေးမြို့နယ်၊ ဂျောင်ဝိုင်းကြီးရွာနေ ဦးမောင်ခင်-ဒေါ်ခင်တင့် တို့၏ သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၄)လမ်း၊ အမှတ်(၁၀၃)၊ မြေညီထပ်နေ ဦးချစ်သန်း၏ ဇနီး၊ (ဦးအောင်ညွန့်)-ဒေါ်ညွန့်ဝေ၊ ဦးဆန်းထွန်း-ဒေါ်ခင်မာဆွေ (ပဲခူးတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီး)၊ (ဦးသန်းဦး)-ဒေါ်အေးအေးမြင့်၊ ဦးမြင့်ဆွေ-ဒေါ်စန်းစန်းထွန်း (ထ-၂၊ ကမာရွတ်)၊ ဦးသိန်းဇော်-ဒေါ်ဝင်းမာသင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ကပ္ပတိန်ရဲဇော်အောင်-ဒေါက်တာယုယု (မြောင်းမြဆေးရုံကြီး)၊ မြေးကိုးယောက်တို့၏ အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်တင့် (Tresa Ba Oo)
**အသက်(၈၄)နှစ်**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ်(၁၀၈/၂)နေ (ဦးဘဦး-ဒေါ်အေးကြည်)တို့၏ သမီး၊ (ဦးလှအေး)၏ဇနီး၊ ဦးကံညွန့်-ဒေါ်ယုယုနွယ်၊ (ဦးနိုင်အောင်ကျော်)-ဒေါ်ခိုင်ဇင်အေး၊ (ဦးစောမြသိဏ်း)-ဒေါ်မီမီအေး(ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဦးကျော်ကျော်ထွန်း-ဒေါ်နီလာအေး၊ ဒေါ်မဋ္ဌူအေး၊ (ဦးတင်ထွန်းအေး)တို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၁၀-၂၀၁၉ ရက် နံနက် ၃:၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးထွန်းကြည်
**ရွှေဟင်္သာပါကေးရောင်းဝယ်ရေး**
**အပတ်စဉ်(၁) မြို့ပိုင်သင်တန်းဆင်း**
**သာစည်မြို့နယ်အသင်းဝင်**
**အသက်(၈၂)နှစ်**

သာစည်မြို့နေ (ဦးမဲ-ဒေါ်ပု)တို့၏ သား၊ အမှတ်(၇၀)၊ ဝေဇယန္တာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်သီလှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှိုင်ဖုန်းမော်-ဒေါ်ဖြူဖြူထွန်း(ပစ်တိုင်းထောင်စာပေ)၊ ဦးဝင်းသိန်းလှိုင်-ဒေါ်မူမူထွန်း(အောင်ဘောဂရတနာရွှေဆိုင်)၊ ဦးဝေယံထွန်း-ဒေါ်မေဝင်းထိုက်(ရွှေဟင်္သာပါကေးဆိုင်)တို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစစ်ကျန် (ကော့သောင်းမြို့)
**အသက်(၈၁)နှစ်**

ကော့သောင်းမြို့နေ (ဦးတူစီး-ဒေါ်နီအင်)တို့၏ သား၊ ဦးကက်-ဒေါ်ရီးကျယ်တို့၏ သားသမက်၊ ကော့သောင်းမြို့၊ အမှတ်(၁)၊ ရွာမလမ်း၊ ရွှေဟင်္သာရပ်ကွက်နေ ဒေါ်ခင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုလှိုင်ဝင်းဇော်-မသူဇာလွင်၊ ကိုသက်ဇော်မိုး-မကြည်လင်း၊ Mr. Cao Dian Wet-မမီမီခိုင်၊ ကိုဝင်းထွန်းသိန်း-မအေးမြတ်သူ တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကော့သောင်းမြို့၊ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အနိစ္စ

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**
**ရာသက်ပန်အသင်းဝင်အမှတ်(၂၇၃)**
**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**
**နာယက**
## ဦးစစ်ကျန်(ကော့သောင်း)
**အသက်(၈၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ အမှတ်(၁)၊ ရွာမလမ်းနေ (ဦးတူစီ-ဒေါ်နီအင်)တို့၏သား၊ ဒေါ်ခင်အေး၏ခင်ပွန်း၊ ကိုလှိုင်ဝင်းဇော်-မသူဇာလွင်၊ ကိုသက်ဇော်မိုး-မကြည်လင်း၊ Mr. Cao Dian Wet - မမီမီခိုင်၊ ကိုဝင်းထွန်းသိန်း-မအေးမြတ်သူတို့ ၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုး ဦးစစ်ကျန်သည် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

---

## ဦးဝင်းသောင်း
**B.E (Chemical)**
**77 (November) (Batch)**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမန(၃)လမ်း၊ အမှတ်(၈၆၉)နေ (ဦးသောင်းစိန်-ဒေါ်နွဲ့နွဲ့မူ)တို့၏သား၊ (ဦးအောင်ထွန်းလှ-ဒေါ်ညွန့်မေ)တို့၏ သားသမက်၊ ဒေါ်ခင်ညွန့်၏ မောင်၊ ဒေါ်ဖြူဖြူသောင်း၏ အစ်ကို၊ မနှင်းနှင်းဝင်းသောင်း (တုန်တုန်)-Nicholas. Loh၊ မဝတ်ရည်ဝင်းသောင်း တို့၏ ဖခင်၊ Blake Loh(ခ)မင်းခန့်သော်၏ အဘိုး၊ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) စင်ကာပူစံတော်ချိန် နံနက် ၄:၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၁၃ နာရီတွင် Mandai Crematorium Hall-3 ၌ သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်ကျိန်လျန်းညောင်
**အသက်(၆၀)**

**(Nu Cing Lian Naing)**

ကလေးမြို့၊ တပ်ဦးသီတာရပ်ကွက်၊ အမှတ်(၇/၄၅)နေ ဗိုလ်မှူးပုမ်းဇဆူမ်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ မောင်ထန်ဆွင်းတာန်၏ မွေးသမိခင်၊ ဒေါ်ကျိန်လျန်းညောင်သည် ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၉:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ဒိုးဝိုင်းချောင်း ခရစ်ယာန်သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၀-၂၀၁၉ ရက် ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၃၁)ပါ ဒေါ်ခင်မြင့် အသက်(၉၅)နှစ် နာရေးကြော်ငြာတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်နိုင်လမ်းသွယ် (၄) (အစား) ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်နိုင်လမ်းသွယ် (၇)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ရန်ကုန်တိုင်းဒေသကြီး၊မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်**
**လှော်ကားကျေးရွာအုပ်စု၊ လှော်ကားဈေးပိုင်း**
**ရွှေပြည်အေးကျောင်းတိုက် ပဓာနနာယကဆရာတော်**
## ဘဒ္ဒန္တဝိလာသ (ဓမ္မာစရိယ) (LL.B)
**ရပ်ကျေးသံဃာ့နာယကဥက္ကဋ္ဌဆရာတော်**
## သိက္ခာတော် (၄၅)ဝါ၊ သက်တော် (၆၅)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ လှော်ကားဈေးပိုင်း၊ ရွှေပြည်အေးကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသ မဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်)၊ ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅:၀၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) ၂၅-၁၀-၂၀၁၉ (သောကြာနေ့)တွင် စံကျောင်းချပူဇော်ပြီး (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့)၊ ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့် ဒါယကာ/ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား ဒါယကာကြီး**
## ဦးသောင်းချစ်
**ကုန်သွယ်လယ်ယာ၊ ဒိုင်မှူး (ငြိမ်း)**
**အသက် (၈၈) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ ဘုရားလမ်းနေ (ဦးစိန်လှိုင်-ဒေါ်အုန်းစိန်)တို့၏ သား၊ (ဦးအောင်ငြိမ်း-ဒေါ်နှင်းညွန့်)တို့၏သားသမက်၊ (ဒေါ်တင်လှ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှသိန်း - ဒေါ်အေးမိမော် (မေဘရဏီ ပျိုးဥယျာဉ်)၊ ဒေါ်ဝါဝါခိုင် (မေဘရဏီစတိုး)၊ (ဦးဇော်ဝင်းထွန်း)-ဒေါ်ချိုချိုမြင့် ( အ.ထ.က၊ ဘုရားကြီး)၊ ဒေါ်စန္ဒာတင်၊ ဒေါ်နန်းမြင့်လှိုင် (အ.ထ.က ဘုရားကြီး)၊ ဦးကျော်ဝင်းထွန်း၊ (ဦးမိုးမင်းထွန်း)တို့၏မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၁.၁၀.၂၀၁၉ (တနင်္လာနေ့) နံနက် ၀၀:၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃.၁၀.၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ဘုရားကြီးမြို့၊ ထန်းပင်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇.၁၀.၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် ဘုရားကြီးမြို့၊ ဘုရားလမ်း၊ P-6 မေဘရဏီနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးပို (မြိတ်)
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၁၁၂)၊ လှည်းတန်းလမ်းတို၊ လေးလွှာ၊ လမ်းမတော်မြို့နယ်နေ (ဦးသာထူးဖေ-ဒေါ်ထူးခင်)တို့၏ သမီး၊ (ဦးကျော်ရှိန်)၏ ဇနီး၊ ဒေါ်မာလာရှိန်၊ ဦးအောင်ဆန်းရှိန်၊ ဒေါက်တာစန္ဒာရှိန်၊ ဒေါ်ဝေဝေရှိန်၊ ဒေါ်အေးအေးရှိန် တို့၏ မိခင် ဒေါ်အေးပို သည် ၂၁-၁၀-၂၀၁၉ ရက် နံနက် ၄:၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်မြ
**အထက-၂၊ ဗိုလ်တထောင်(ငြိမ်း)**
**အသက်(၇၂)နှစ်**
**ကန်တော်ကလေး**

ရန်ကုန်မြို့၊ အမှတ်(၁၂၈)၊ (၉၄)လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစံဘ-ဒေါ်ခင်ကြည်)တို့၏ တူ/သား၊ (ဦးတင်လှ-ဒေါ်ဆွေ)တို့၏ သား၊ (ဦးဝင်းမောင်)၊ ဦးကိုကိုကြီး-ဒေါ်လှလှဝင်း၊ ဒေါ်မြမြမူ၊ ဒေါ်စန်းစန်းကြည်၊ (ဦးစိုးမြင့်)၊ ဦးခင်မောင်ထွန်း၊ (ဦးသက်နိုင်)၊ ဦးပြုံးနိုင်(ခ) မိညို တို့၏ အစ်ကို၊ (ဦးသန်းအုံ)-ဒေါ်ခင်လေးနွယ်တို့၏ မောင်၊ ဦးမြင့်ရှိန်-(ဒေါ်မြမြနွယ်)၊ (ဦးခင်မောင်ချို)-ဒေါ်လှလှ၊ (ဒေါက်တာအောင်ကြည်)-ဒေါ်ခင်စန်းဝင်း (ဆောက်လုပ်ရေး၊ ရမည်းသင်း)၊ ဒေါ်ခင်မြလွင်၊ (ဦးဝင်းနောင်ဖေ)-ဒေါ်ခင်မာချို၊ ဦးဌေးကို-ဒေါ်တင်တင်မာ၊ ဒေါ်နီနီအောင် (ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ အစ်ကိုသည် ၂၀-၁၀-၂၀၁၉ ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခင်အောင် (ကလေးမြို့)
**AGTI (Mech.)**
**အောက်စီဂျင်ဌာန(ငြိမ်း)၊ အမှတ်-၁ သံနှင့်သံမဏိစက်ရုံ**
**အသက်(၆၄)နှစ်**

ကလေးမြို့နေ (ဦးဘိုးထွေး-ဒေါ်မိစိန်)တို့၏ သား၊ [ဦးထွန်းအောင်ကျော်(ပညာရေး-ငြိမ်း)-ဒေါ်ခင်ရီ]၊ [ဦးလှတင် (ပညာရေး-ငြိမ်း)-ဒေါ်ခင်လှ]၊ (ဦးခင်မောင်)-ဒေါ်ခင်ထွေးတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်ပင်လမ်းအထက်၊ အမှတ်(၆၁)၊ သုံးလွှာနေ ဒေါ်သိန်းသိန်း(သမဝါယမ-ငြိမ်း)၏ ခင်ပွန်း၊ ကိုကျော်ဇောလင်း-မယဉ်မာမြင့်(ခ)မမီးမီး(သီဟစိုးဆေးဆိုင်မိသားစု)တို့၏ ဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုး ဦးခင်အောင်သည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးခိုင် (၆၃)နှစ်

ဖြူးမြို့၊ အမှတ်(၇၇၄)၊ ဘူတာတောင်(၂၁)လမ်းနေ (ဆရာကြီးဦးချစ်ခိုင်-ဒေါ်အေးအေးမြင့်)တို့၏ သမီး၊ ဦးစိုးမြင့်-ဒေါ်အေးအေးချစ်၊ ဗိုလ်မှူးအေးလွင်(ငြိမ်း)-ဒေါ်ခင်မင်းနွယ်တို့၏ အစ်မကြီး၊ ဦးရဲဆွေ-ဒေါ်ခိုင်မိုးမိုး၊ ဦးသက်နိုင်ဦး-ဒေါ်မြမြဝင်း၊ ဦးထိန်လင်းဦး-ဒေါ်နှင်းသန္တာခိုင်၊ ဦးအောင်စိုးလင်း-ဒေါ်ဖြိုးကေခိုင်တို့၏မိခင်၊ မြေးရှစ်ယောက် တို့၏ အဘွား၊ ဦးတရုတ်ကြီး(ခ)ဦးညွန့်ဆွေ၏ ဇနီး ဒေါ်အေးအေးခိုင်သည် ၂၀-၁၀-၂၀၁၉ ရက် နံနက် ၈:၃၀ နာရီတွင် ဖြူးမြို့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ဖြူးမြို့အရှေ့သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၁**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်တွင် ဂျကာတာမြို့ရှိ အင်ဒိုနီးရှားနိုင်ငံ သမ္မတအိမ်တော်သို့ ရောက်ရှိပြီး သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုအား ဂါရဝပြုတွေ့ဆုံသည်။

**တွေ့ဆုံ**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတအိမ်တော်သို့ ရောက်ရှိပြီး ဒုတိယသမ္မတ မစ္စတာ မာရုဖ်အာမင်နှင့် တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရေး ပိုမိုတိုးတက်ကောင်းမွန်ရေး၊ အာဆီယံ အသိုက်အဝန်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဆက်လက်ပေးအပ်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်

**စာမျက်နှာ ၄ ကော်လံ ၄ သို့ ✻**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အင်ဒိုနီးရှားနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် — စာမျက်နှာ » ၈

ထားဝရ လုပနေဦးမည့် ချယ်ရီမြေ ဂျပန် — စာမျက်နှာ » ၆

JICA က မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ အထည်ချုပ်စက်မှုဇုန်သစ် တည်ထောင်ရန် စီစဉ် — စာမျက်နှာ » ၁၃

ထောပတ်သီးများ ပြည်ပနိုင်ငံများသို့ စမ်းသပ်တင်ပို့သွားမည် — စာမျက်နှာ » ၁၅


## ၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဘောလုံးဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○**

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း အဖွင့်ပွဲတွင် တီမောကို ဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၂၁**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ နံနက်ပိုင်းက စတင်ပြုလုပ်ရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက တီမောအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာဖူဆယ်အသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့သည်။ တီမောအသင်း၏ ရုန်းကန်မှုကြောင့် မြန်မာအသင်းသည် ပထမပိုင်းတွင် ခက်ခက်ခဲခဲကစားခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ကစားပုံ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**



မြန်မာအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်နေစဉ်။